ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့ (17-3-2009) (၅၉၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုရိုနိုနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ **စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ The Mirror

၁၇-၃-၂၀၀၉
(အင်္ဂါနေ့)

ပြည်သူ့ သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရိုးရာယဉ်ကျေးမှု မြတ်နိုးတန်ဖိုးထား မျိုးရိုး ဇာတိ ဂုဏ်အင် ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသည့် နိုင်ငံဖြစ်သည်။ ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်မူဟန်၊ ကိုယ်ပိုင်ဓလေ့ထုံးစံတို့သည် ယနေ့ကာလတိုင် တည်တံ့ခိုင်ခံ့နေဆဲ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးသည်။ နိုင်ငံသူ နိုင်ငံသားတိုင်းက မိမိတို့၏နိုင်ငံကို အသက်ပေး၍ ကာကွယ် စောင့်ရှောက်ရုံမျှမက မြန်မာ့ယဉ်ကျေးမှု လူမှုရေးတံတိုင်းကိုလည်း ခိုင်ခိုင်မာမာ ကာရံတည်ဆောက်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ဝံသာနုရက္ခိတတရားဟူသော အမျိုးကိုချစ်သည့် စိတ်ထား၊ အမျိုးစောင့်တရား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် မြန်မာ့ယဉ် ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာများ တိုးတက် လာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲ လာမှုများဖြစ်ပေါ်နေသည်။ အတွေးအခေါ်၊ အသိအမြင် ဗဟုသုတ များ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသော လက္ခဏာရပ်ဖြစ်သည်။ ပြောင်းလဲလာသော လူမှုပတ်ဝန်းကျင်တွင် ခေတ်အလိုက် ဆန်းသစ်တီထွင်မှုများရှိရန်လည်း လိုအပ်ပေသည်။

သို့သော် ပြည်ပမှ တေးဂီတ သီဆိုတင်ဆက်မှု၊ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု၊ နေထိုင်ဆက်ဆံကျင့်သုံးမှုတို့ကို အထင်ကြီးပြီး တစ်သဝေမတိမ်း အတုယူပြောင်းလဲကျင့်သုံးလာခြင်းမျိုး မရှိစေရန်မှု သတိပြုဆင်ခြင်ကြရ မည်ဖြစ်သည်။ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုအမြင်မတင့် တယ်သည့် မလုံမခြုံဝတ်စားဆင်ယင်လာမှု၊ ဟီရိ ဩတ္တပ္ပကင်းမဲ့သည့် နေထိုင်ဆက်ဆံပြုမူမှုများကိုမူ ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ် မည်ဖြစ်သည်။

နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မိမိတို့ရိုးရာ ဓလေ့စရိုက် ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးပြီး နိုင်ငံနှင့် လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို အစဉ် သတိပြုကြရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအပါအဝင် မိဘပြည်သူအားလုံးက မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမြှင့်တင် စောင့်ရှောက်ခြင်းဖြင့်သာ မြန်မာ့မျိုးရိုး ဇာတိ ဂုဏ်အင် ထာဝစဉ်မြင့်မားနေမည် ဖြစ်ပါသည်။ ။

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၀ရက်က ရန်ကင်းစင်တာနှင့် ဗဟိုဘဏ် ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူး ကျောင်းသူဟောင်း မမြသီတာဦးက ပူဇော်ပွဲ နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းသားဟောင်း ဦးမျိုးသန့်ထွန်းက ကန်တော့ချိုးတိုင်ပေးကာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံဆရာမ ကြီး ၁၂ဦးအား ငွေနှင့်လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆရာမကြီးများကိုယ်စား ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ အငြိမ်းစား ပါမောက္ခ ဒေါ်စိန်စိန်မြင့်၊ ပါမောက္ခ(ဌာနမှူး)ဒေါ်ဆွေဆွေပွင့်နှင့် ပါမောက္ခ ဒေါ်သင်း သင်းစိန်တို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများ ကိုယ်စား မကျင်ကျင်ဆွိက ကျေးဇူးတင်စကားပြောကြားကြောင်းသိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံနှင့် UNESCAP တို့ အကြား ကျွမ်းကျင်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အတွက် ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက် စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ယနေ့နံနက် ၉နာရီ တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး UNESCAP မှ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဌာန အကြီးအကဲ Mr. Eduard Rene Bastiaans က ကျွမ်းကျင်မှုနည်းပညာ အထောက်အကူပြုရေးမစ်ရှင်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က နာဂစ်မုန်တိုင်း နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက် များကို ရှင်းလင်းပြောကြားပြီး တက်ရောက် လာကြသူများက အသီးသီး ဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၆

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေ ရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆု များချီးမြှင့်လျက်ရှိရာ ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် ၂၀၀၈ခုနှစ်အတွက် (၁၆)ကြိမ် မြောက်အဖြစ် ရွေးချယ်ချီးမြှင့်သော ပခုက္ကူဦးအုံးဖေ စာပေဆုရရှိသူများ၏ အမည် စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် အောင်သာဆန်း(သံတွဲ)ရေးသားသည့် " တေးသီငှက်၏ ပန်းပေါင်းတစ်ရာ ကဗျာစု"က ပထမ၊ မောင်စောထွန်း(ကျောင်းကုန်း)ရေးသားသည့် "အမေ့ရွာနှင့် အခြားကဗျာများ"က ဒုတိယ၊ အဖျောက်မြေ မောင်ဆွေမွန်ရေးသား သည့် "ရေချမ်းတစ်ခွက် ပန်းတစ်ခက်" က တတိယရရှိကြသည်။

ဝတ္ထုရှည်ဆုတွင် မင်းဇေယျရေးသားသည့် "ငယ်သော်လှသည်"က ဒုတိယ၊ ပိုင့်-လှိုင်းသစ်ရေးသားသည့် "ပလတ်စတစ်ထဲက ကြယ်တစ်ပွင့်"က တတိယရရှိကြ သည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် မောင်ခြိမ့်ရေးသားသည့် "တံငါအသည်း မာရဲ့သလား ဟေ့နှင့် အခြားဝတ္ထုတိုများ"က ပထမ၊ နန္ဒာခင်(သက္ကလမြေ) ရေးသားသည့် "ဘိုးဘွား အမွေချစ်တတ်စေနှင့် အခြားဝတ္ထုတိုများ" က ဒုတိယ၊ နေမျိုးသန့် ရေးသားသည့် "မြေသင်းပျံ့ပျံ့မိုးရနံ့ ဝတ္ထုတိုများ" က တတိယရရှိကြသည်။

ကျမ်းစာပေဆုတွင် ဇင်မင်း(သမိန်ထော)ရေးသားသည့် "ဖြတ်သန်းခဲ့ရသမိုင်းစဉ်၊ ဆောင်ကြဉ်းခဲ့ရ တာဝန်များ" က ဒုတိယ၊ ကေမြူးရေးသားသည့် "မြန်မာ့ရုပ်ရှင် ခေတ်ဦး ဒါရိုက်တာ (၁၅)ဦးတို့၏ ရုပ်ပုံလွှာများ"က တတိယဆုများအသီးသီး ရရှိကြသည်။

သုတေသနစာပေဆုတွင် ဆုချီးမြှင့်နိုင်သည့်စာမူများ ရွေးချယ်နိုင်ခြင်းမရှိ ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၈ခုနှစ် **"တစ်သက် တာစာပေဆု"** အတွက် စာရေးဆရာကြီး ဒေါက်တာကျော်စိန်အား ရွေးချယ်လိုက် ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ စာပေဆု **အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက်** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မကြူကြူဆွေ[ဒု/ပခ(ရသ)-၁]ကလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ မောင်ပြည့်ဖြိုးအောင်(ပ/ပခ-၁၃)က လည်းကောင်း အသီးသီး ရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၀၉ခုနှစ် မတ် ၃၀ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်နေရာနှင့် အချိန်တို့ကို ထပ်မံကြေညာ မည်ဖြစ်သည်။ ၂၀၀၉ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲဝင်စာမူများကို စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း သိရသည်။

ဆုရရှိသူများသည် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာတည်း မှူးချုပ် ဖုန်း-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၂၄၉၂၃၀၊ ဌာနခွဲမှူး(စီမံ)တာဝန်ခံ ဖုန်း- ၃၈၁၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိမြှင့်တင်ရေးနည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar တို့ ပူးပေါင်းကျင်းပ သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူ လူထုအသိမြှင့်တင်ရေးအစီအစဉ် နည်းပြ သင်တန်း အမှတ်စဉ်(၇/၂၀၀၉)ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ လေ့ကျင့်ပညာပေးရေး

ဌာနစိတ် သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ကြီးနှင့် CARE Myanmar မှ အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာ ကျော်နိုင်တို့ တက်ရောက် အမှာစကား ပြောကြားကြသည်။ **(အောက်ဝဲပုံ)**

သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနမှ ဌာနအကြီးအကဲများ၊ CARE Myanmar မှ တာဝန်ရှိပုဂ္ဂိုလ် များ၊ သင်တန်းနည်းပြဆရာများနှင့် ပြည်နယ်/တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းဆင်းနည်းပြများသည် မိမိတို့ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၅မြို့နယ်တွင် ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ် သင်ကြားပို့ချပေးမည် ဖြစ်သည်။ ဆင့်ပွားသင်တန်းဆင်းများက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ကျေးရွာအရောက် ပြည်သူလူထုထံ ပညာပေး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Totok Prianamto တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၃-၂၀၀၉ (အင်္ဂါနေ့)
[၁၃၇၀ပြည့်နှစ်၊တပေါင်းလပြည့်ကျော်(၇)ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အတီးပြိုင်ပွဲ
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၀ ၇။ **"နောက်မကျရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ-ကြည်စိုး)**
- ၈:၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၀ ၁၀။ Local Talent
- ၈:၅၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အကပြိုင်ပွဲ
- ၄:၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၅၀ ၅။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၅:၀၀ ၆။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၅:၁၅ ၇။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၃၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၅ ၉။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၀။ ကြိုးစားဖွေရှာ စွမ်းအင်လောင်စာ
- ၅:၅၀ ၁၁။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၅ ၁၅။ ဆိုလိုက်ကြစို့
- ၇:၂၀ ၁၆။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ" (အပိုင်း-၂၁)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သံစဉ်'(အပိုင်း-၂)**
- ၂၁။ အစီအစဉ်ပြီး၏။

၂၀၀၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၆

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သည် "စာပေဖြင့် ဘဝအမြင် ရှင်သန်တိုးတက်အောင်မြင်ရေး" ဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့လျက်ရှိရာ စာကြည့်တိုက်သို့ ၂၀၀၈ ခုနှစ်အတွင်း ရောက်ရှိခဲ့သော နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များအနက် စာကြည့်တိုက်ကော်မတီ၏ အဆုံးအဖြတ်ဖြင့်စာဖတ်သူများ သတိမူဖတ်ရှုနိုင်ရန် ဂုဏ်ပြုသောအားဖြင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုများကို ၂၀၀၁ ခုနှစ်မှစ၍ တီထွင်ချီးမြှင့်လျက်ရှိသည်။

၂၀၀၈ ခုနှစ်အတွက် စာကြည့်တိုက် စာအုပ်ဆုများကို စာရေးဆရာ နေဇင်လတ် ရေးသားသည့် "ခေါင်းဆောင်၊ ခေါင်းဆောင်မှုနှင့် ကမ္ဘာ့အမြင်" စာအုပ်က လည်းကောင်း၊ စာရေးဆရာ ကျော်ကျော်ဝင်း(မဟာဝိဇ္ဇာ) ရေးသားသည့် "လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဇေးရှင်း" စာအုပ်က လည်းကောင်း၊ စာရေးဆရာ မော်ဝန်း ကြည်မြတ်ရေးသားသည့် "ဂီတကြငှန်းပျော်များ" စာအုပ်ကလည်းကောင်း အသီးသီး ရရှိကြသည်။

ယင်းဆုများကို ၂၀၀၉ ခုနှစ် မတ် ၃၀ ရက်(တနင်္လာနေ့) တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၆)ထွက်ရှိ

ရန်ကုန် မတ် ၁၆

ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၆)ကို မတ်၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် ခေတ်မီစက်မှုလယ်ယာမှသည် စပါးပန်းတိုင်အထွက် ဆီသို့၊ သစ်သီးဝလံများ ခူးဆွတ် ချိန်တွင် ရောင်းတမ်းဝင် မျက်နှာပန်းလှရန်လို၊ ငွေချည်-၆ ဝါစိုက်ခင်းများ ဝါပိုးနီကို ကာကွယ်ပါ စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ဝက်မွေးတာချင်းအတူတူ၊ နွားငယ်လေးများကျန်းမာရေး နို့ဦးရည် တိုက်ကျွေးပေး၊ ဝက်ဝမ်းလျှောမှု ကာကွယ်ရန် ရောဂါကာကွယ်အားဖြည့် ဆေးရည်များသုံးသင့် စသည့် မွေးမြူရေး ဆောင်းပါးများ၊ ပိစပ်ပင်သည် ဆေးဝါး စာရင်းဝင်တော့မည်တဲ့လား၊ ခဝဲသီးပင်၏ ဆေးဖက်ဝင်ပုံ၊ သစ်သီးများစားသုံးလျှင် စင်ကြယ်အောင် ရေဆေးပြီးမှ စားသုံးသင့်၊ ကျန်းမာခြင်းအတွက် နည်း(၁၀) ချက်စသည့် ကျန်းမာရေးဆောင်းပါးများ၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည်၊ ဒေသခံပြည်သူများ၏ ဆန္ဒနှင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ ထပ်တူဖြစ်လျက်ရှိ၊ ဒို့ကျေးရွာဘုရားပွဲ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ နိုင်ငံတကာ အားကစားသတင်းများ၊ညောင်ပင်တစ္ဆေဝေလေလေ ဝတ္ထုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို သုတ၊ ရသ စုံလင်စွာဖြင့် ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ်၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်

ရန်ကုန် မတ် ၁၆

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆု ရရှိကြသူများမှာ **မြန်မာစာဘာသာရပ်တွင်** မောင်ဖြိုးမင်းဟန်(ဘ)ဦးကြည်ဝင်း အထက(၅) ဗိုလ်တထောင် ရန်ကုန်က ပထမ၊ မဖြိုးသဥ္ဇာခင်(ဘ)ဦးဖြိုးသုခ အထက(၂)ပုသိမ်က ဒုတိယ၊ မောင်အေးချမ်းကျော်ကျော်(ဘ)ဦးကျော်ထွေး အထက(၂) ပုသိမ်က တတိယ၊ **အင်္ဂလိပ်စာဘာသာရပ်တွင်** မမေသူဇော်(ဘ) ဦးသန်းဇော်မြင့် အထက (၁)မြစ်ကြီးနားက ပထမ၊ မောင်ကျော်ဇင်(ဘ)ဦးရဲမြင့် အထက(၁)မိုးညှင်းက ဒုတိယ၊ မဘရဏီစိုးစိုး (ဘ) ဦးစိုးစိုး အထက(၁)မိုးညှင်းက တတိယ၊ **သင်္ချာဘာသာရပ်တွင်** မဆုရည်နှင်း (ဘ) ဦးဝင်းမော် အထက(၂)ရန်ကင်း ရန်ကုန်မြို့က ပထမ၊ မမေသူကျော် (ဘ) ဦးကြည်ဝင်း အထက(၆)ပုသိမ်က ဒုတိယ၊ မောင်ဖြိုးအောင်ကျော် (ဘ) ဦးတန်ချောင်အိန် အထက(၁)လသာ ရန်ကုန်က တတိယ၊ **ဓာတုဗေဒဘာသာရပ်တွင်** မဝေမွန်အောင်(ဘ) ဦးခင်မောင်ရွှေ အထက(၁) ပြင်ဦးလွင်က ပထမ၊ **ရူပဗေဒဘာသာရပ်တွင်** မဝေမွန်အောင်(ဘ) ဦးခင်မောင်ရွှေ အထက(၁)ပြင်ဦးလွင်က ပထမ၊ **ဇီဝဗေဒဘာသာရပ်တွင်** မောင်ဖြိုးအောင်ကျော် (ဘ) ဦးတန်ချောင်အိန် အထက(၁)လသာ ရန်ကုန်က ပထမ၊ **ဘောဂဗေဒဘာသာရပ်တွင်** မောင်ပြည့်သျှံအောင်(ဘ)ဦးဇော်လင်း အထက(၁) ဇလွန်က ပထမ၊ **ပထဝီဘာသာရပ်တွင်** မယဉ်ယဉ်သန်း (ဘ) ဦးတင်ကျော် အထက-ဂန့်ဂေါက ပထမ၊ **သမိုင်းဘာသာရပ်တွင်** မောင်မျိုးဖြူ (ဘ) ဦးမောင်ဦး အထက-ဟိုပင်မြို့က ပထမ၊ **စိတ်ကြိုက်မြန်မာစာ ဘာသာရပ်တွင်** မသက်နှင်းဝေ(ဘ) ဦးခင်မြင့် ပြင်ပဖြေ ဒါးက ကန်ကြီးထောင့်မြို့နယ်က ပထမ အသီးသီးရရှိကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၇ ခုနှစ်အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများမှာ မောင်ဖြိုးပြည့်စုံငြိမ်း(ဘ) ဦးဆွေငြိမ်း မုံရွာတက္ကသိုလ်၊ မသိမ့်သိမ့်ဖြိုး (ဘ)ဦးကျော်မြင့်ဦး ရတနာပုံတက္ကသိုလ်၊ မောင်ထင်လင်းအောင်(ဘ)ဦးအောင်ကျော်ဝင်း ရတနာပုံတက္ကသိုလ်နှင့် မနီလာထွန်း(ဘ) ဦးစန်းမြင့် ရတနာပုံတက္ကသိုလ်တို့ ဖြစ်ကြသည်။

ဆုချီးမြှင့်ပွဲကို မတ်၃၀ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် တပေါင်းတည်းချီးမြှင့်မည်ဖြစ်ပြီး ကျင်းပမည့် အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရရှိကြသောသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆက်သွယ် သတင်းပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

နိုင်ငံတကာသတင်းမှတ်စု

လော့စ်အိန်ဂျလိစ်အနီး လေယာဉ်ငယ် ပျက်ကျ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီးတွင် မတ် ၁၄ ရက် နံနက်ပိုင်းက လေယာဉ်ငယ်တစ်စင်း ပျက်ကျရာ နှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့အရှေ့ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ ပိုမိုနာဒေသတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၂ မိနစ်က ဘရက်ကတ်လေယာဉ်ကွင်းမှ ပျံတက်ပြီး သုံးမိနစ်ခန့်အကြာတွင် တောင်နံရံနှင့်တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

လော့စ်အိန်ဂျလိစ်တွင် ပျက်ကျသော လေယာဉ်ငယ်၏ အစိတ်အပိုင်းအား သယ်ယူနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း သုံးရာခိုင်နှုန်း တိုးမြှင့်မည်

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေချိန်တွင် ကမ္ဘောဒီးယားနိုင်ငံက ၂၀၀၉ ခုနှစ်၌ ခရီးသွားလုပ်ငန်းကို သုံးရာခိုင်နှုန်း တိုးမြှင့်ရန် မျှော်မှန်းထားကြောင်း နိုင်ငံပိုင်သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

နိုင်ငံအားလုံး စီးပွားရေးအကျပ်အတည်း ဖြစ်နေမှုကြောင့် အထူးသဖြင့် ဥရောပ၊ အမေရိကန်နှင့် အာရှနိုင်ငံတို့တွင် အစုလိုက် အပြုံလိုက် အလုပ်အကိုင်များ လျှော့ချလျက်ရှိပြီး နိုင်ငံရပ်ခြားခရီးသွားလာမှုမှာ ယခုအခါ လျော့နည်းလာကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားခရီးသည်များရောက်ရှိမှုမှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလတွင် ၂ ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဘူလ်ဂေးရီးယား၌ ကားသစ်ရောင်းချရမှု ကျဆင်း

ဘူလ်ဂေးရီးယားနိုင်ငံတွင် ၂၀၀၉ ခုနှစ် ပထမနှစ်လ၌ ကားသစ်များ ရောင်းချရမှု လွန်စွာကျဆင်းခဲ့ကြောင်း ဆိုဖီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

၂၀၀၈ ခုနှစ် ပထမနှစ်လ၌ ကားသစ်စီးရေ ၉၂၉၀ ရောင်းချရပြီး ယခုနှစ် ပထမနှစ်လ၌ ကားသစ် ၄၆၄၅ စီးသာ ရောင်းချခဲ့ရသည်။ ကားသစ်ရောင်းချရမှု ၅၀ ရာခိုင်နှုန်းလျော့ကျခြင်းကြောင့် ကားထုတ်လုပ်သည့် စက်ရုံများ တုန်လှုပ်ခဲ့ကြသည်။ လွန်ခဲ့သည့် ဒီဇင်ဘာလတွင် ၇၆ရာခိုင်နှုန်းနှင့် ဇန်နဝါရီလတွင် ၄၇ ရာခိုင်နှုန်းဖြင့် တစ်နှစ်ပြီးတစ်နှစ် ကျဆင်းလာခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်တရုတ်ပင်လယ်၌ ဗီယက်နမ်သင်္ဘော နစ်မြုပ်

တောင်တရုတ်ပင်လယ်အတွင်း မတ် ၁၃ ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဗီယက်နမ်သင်္ဘော နစ်မြုပ်ခဲ့ပြီး သုံးဦးသေဆုံးကာ လေးဦး ပျောက်ဆုံးနေသည်။

သင်္ဘောသားခုနစ်ဦးပါရှိသော ကျောက်မီးသွေး သယ်ဆောင်လာသည့် သင်္ဘောသည် ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖန်ချင်ဆိပ်ကမ်း အနောက်တောင်ဘက် ရေမိုင် ၂၂ မိုင်ခန့်အကွာရှိ ပင်လယ်ပြင်တွင် မတ် ၁၃ ရက် ည ၉ နာရီခွဲခန့်၌ နစ်မြုပ်ခဲ့ကြောင်း တရုတ်ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ တောင်တရုတ်ပင်လယ် ကယ်ဆယ်ရေးဗျူရိုက ဖော်ပြသည်။

ဆွစ်ဇာလန်၌ နိုင်ဂျီးရီးယားကိုကင်းဂိုဏ်းများကို ဖြိုခွင်း

ဥရောပနိုင်ငံအတွင်းသို့ ကိုကင်းများမှောင်ခိုတင်သွင်းရာ၌ ပါဝင်သည်ဟု သံသယရှိသော နိုင်ဂျီးရီးယား မူးယစ်ဂိုဏ်းများအား ဆွစ်ဇာလန်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း တနင်္ဂနွေနေ့ထုတ် ပန့်ချ်သတင်းစာကဖော်ပြသည်။

၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အကြား အနောက်အာဖရိကမှ ကိုကင်း ၁၅ ကီလိုဂရမ် တရားမဝင် တင်သွင်းခြင်းအတွက် ဆွစ်ဇာလန်နိုင်ငံ၌ ယခုလအတွင်း နိုင်ဂျီးရီးယားနိုင်ငံသား ၃၅ ဦးအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဆွစ်ရဲတပ်ဖွဲ့က ပြင်သစ်နှင့် နယ်သာလန်တို့မှ ဆွစ်ဇာလန်နိုင်ငံသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းသည့် နိုင်ဂျီးရီးယား ကိုကင်းဂိုဏ်းနှင့် အနောက်အာဖရိကကိုကင်းဂိုဏ်းတို့ကို ဖြိုခွင်းခဲ့သည်ဟု သတင်း၌ ဖော်ပြသည်။

အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါပြည်နယ် မိုနိုခါရီ အနောက်တောင်ဘက်တွင် မတ် ၁၅ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်သွားကြောင်း၊ သို့သော်ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိချေ။ အဆိုပါငလျင်သည် အင်ဒိုနီးရှား ဒေသစံတော်ချိန် နံနက် ၄ နာရီ ၅၄ မိနစ်က အနောက်ပါပူဝါပြည်နယ် ဆိုရောင်အရှေ့ မြောက်ဘက် ၂၇၇ ကီလိုမီတာအကွာနှင့် မိုနိုခါရီအနောက်တောင်ဘက် ၈၇ ကီလိုမီတာအကွာ၌ ဗဟိုပြုပြီး ရေပြင်အောက် ၃၈ ကီလိုမီတာအနက်၌ လှုပ်သွားကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

စုစည်းဘာသာပြန်ဆိုသူ-စိုးစိုးနိုင်

နိုင်ငံတကာသတင်းများ

ကလေး၏ဝမ်းဗိုက်ကို ထုတ်ချင်းပေါက် စူးဝင်နေသည့် ခြောက်ပေရှည်သံချောင်းကို အောင်မြင်စွာ ဖယ်ထုတ်နိုင်ခဲ့

နယူးဒေလီ မတ် ၁၆

အိန္ဒိယနိုင်ငံ၌ ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး၏ ဝမ်းဗိုက်၌ ထုတ်ချင်းပေါက်စူးဝင်နေသော ခြောက်ပေရှည်သံချောင်းကို ဆရာဝန်များက သောကြာနေ့တွင် အောင်မြင်စွာ ဖယ်ထုတ်ပေးနိုင်ခဲ့သည်။

ရာဂျင်ဒရာဆေးသိပ္ပံမှ ဆရာဝန်များက လေးနာရီကြာခွဲစိတ်ပြီး သံချောင်းကို ဝမ်းဗိုက်မှ ဖယ်ရှားပေးနိုင်ခဲ့သည်။ လူနာမှာ သွေးလွန်လျက်ရှိပြီး အသည်းနှင့် အစာအိမ်တွင် ဒဏ်ရာရရှိကြောင်း၊ သို့သော် စိုးရိမ်ဖွယ်အခြေအနေမဟုတ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

မီဟူးကူးမားသည် ကစားနေစဉ် ၎င်း၏အဘိုးအိမ်၌ ဆောက်လက်စ တိုက်ပေါ်သို့ ပြုတ်ကျရာ ဗိုက်ကို သံချောင်းက ကန့်လန့်ဖြတ် စူးဝင်သွားခြင်း ဖြစ်သည်။ ၎င်းကို ဒေသဆိုင်ရာဆေးရုံမှ ရှေးဦးပြုစု ကုသပေးပြီး ရာဂျင်ဒရာ ဆေးရုံသို့ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်သည်။

ဝမ်းဗိုက်ကို ဖွင့်လိုက်သောအခါ အသည်းနှင့်အစာအိမ်မှာ ဒဏ်ရာအနည်းငယ်စီ တွေ့ရပြီး ကံအားလျော်စွာ သရက်ရွက်နှင့်ပန်ကရိယကို မထိခိုက်ကြောင်း တွေ့ရသည်ဟု ခွဲစိတ်ဆရာဝန်ကြီး ဆန်ဒေးအက်ဂါဝါးက ပြောကြားသည်။

အသက်အန္တရာယ်မရှိသော ဒဏ်ရာသာ ရရှိသည့်အတွက် မီဟူးမှာ အလွန်ကံကောင်းသည်ဟုဆိုသည်။ ထို့ပြင် ကလေးငယ် မီဟူး၏ စိတ်ဓာတ်ခိုင်မာမှုကိုလည်း ဆရာဝန်ကြီးက ချီးကျူးလိုက်သည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံမှ သံချောင်းထုတ်ချင်းပေါက် စူးဝင်သွားသော ကလေးငယ် ကူးမားအား ခွဲစိတ်ခြင်းမပြုမီ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နိုင်ငံ နန်ဂဟာပြည်နယ်တွင် လမ်းဘေးဗုံး ထိမှန်သွားသော ရဲတပ်ဖွဲ့၏ ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် ပူးပေါင်းစစ်ဆင်ရေးပြုလုပ်၊ စစ်သွေးကြွငါးဦး သေဆုံးပြီး ခုနစ်ဦး ဖမ်းမိ

ကဘူး မတ် ၁၆

အာဖဂန်အရှေ့ပိုင်း ခို့စ်ပြည်နယ်နှင့် ကန်ဒါဟာပြည်နယ် တောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၁၅ ရက် နံနက် အစောပိုင်းတွင် စစ်ဆင်ရေးနှစ်ခု သီးခြားစီ ပြုလုပ်ခဲ့ရာ စစ်သွေးကြွငါးဦးသေဆုံးခဲ့သည်ဟု နိုင်ငံစုံတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ခို့စ်ပြည်နယ်တွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးအတွင်း အေကေ-၄၇ အမျိုးအစား ရိုင်ဖယ်တစ်လက်နှင့် ပါကစ္စတန်ရူပီး ၁၅၀၀၀၊ အမေရိကန်ဒေါ်လာ ၂၀၀ ခန့်နှင့် စစ်သွေးကြွဟုယူဆရသူ လေးဦးကို ဖမ်းဆီးခဲ့သည်။

ကန်ဒါဟာပြည်နယ် မေဝပ်ဒေသတွင် ပူးပေါင်းတပ်ဖွဲ့နှင့် စစ်သွေးကြွများ အပြန်အလှန်တိုက်ပွဲဖြစ်ရာ စစ်သွေးကြွငါးဦး သေဆုံးခဲ့ပြီး စစ်သွေးကြွဟု ယူဆရသူ သုံးဦးကို ဖမ်းဆီးခဲ့သည်ဟုဆိုသည်။ စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဟု နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ကဘူး မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် မတ် ၁၅ ရက်က လမ်းဘေးဗုံးခွဲတိုက်ခိုက်သဖြင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သော နိုင်ငံစုံ တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦး သေဆုံး ကြောင်း အင်တာနက်တွင် ဖော်ပြသည်။

သေဆုံးသော တပ်ဖွဲ့ဝင်များမည်သည့်နိုင်ငံသားဖြစ်သည်ကို နေတိုးကထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ထိုဒေသတွင် တာဝန်ယူထားသော တပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်များဖြစ်သည်။

ကြေညာ

(အေအက်ဖ်ပီ)မှလာသော သတင်းအရ နန်ဂါဟာပြည်နယ်အတွင်း တိုက်ခိုက်မှုများသည် တာလီဘန်တို့၏ လက်ချက်ဖြစ်ကြောင်းကြေညာသည်ဟုဆိုသည်။ ***အင်တာနက်။***

အာဖဂန်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ၍ တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ကန်ဒါဟာ မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ယခင်က တာလီဘန်များတပ်စွဲထားရာ ကန်ဒါဟာပြည်နယ်တွင် အရပ်ဘက်ကားတစ်စီး လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရသဖြင့် တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဒေသစံတော်ချိန် နံနက် ၁၀နာရီခန့်တွင် အဆိုပါတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကန်ဒါဟာမြို့တော်ဝန်၏ ကားကို စစ်သွေးကြွများက ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း၊ ၎င်းတို့မှာ အရပ်သားများဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗဒူလက်ချ်ကန်က ပြောကြားသည်။ ***အင်တာနက်။***

ပေကျင်းမြို့ အနုပညာကောလိပ်တွင် မီးလောင်မှုဖြစ်ပွား

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အရှေ့ပိုင်း ချန်ယောင်ခရိုင်ရှိ ဗဟိုအနုပညာအကယ်ဒမီကျောင်းတွင် တနင်္လာနေ့ နံနက် ၁၀ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လုံခြုံရေးအစောင့်များနှင့် ဘွဲ့လွန်ပညာ ဆက်လက်သင်ကြားနေသော ကျောင်းသားများ၏ အိပ်ဆောင်မှ စတင်မီးလောင်ကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရသွားသူတစ်ဦးကို ဆေးရုံသို့ တင်လိုက်ရကြောင်း မီးသတ်တပ်ဖွဲ့ဝင် များက ပြောကြားသည်။ နောက်ပိုင်းတွင် မီးလောင်မှုကို ထိန်းချုပ်လိုက်နိုင်သည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဗဟို အနုပညာ အကယ်ဒမီကောလိပ် မီးလောင်နေသည်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အိုင်အက်စ်အက်စ်စခန်းယာဉ်ဆီသို့ အာကာသလွန်းပြန်ယာဉ် ထွက်ခွာ

ဝါရှင်တန် မတ် ၁၆

ဂျပန်အာကာသယာဉ်မှူးတစ်ဦး အပါအဝင် အာကာသယာဉ်မှူးခုနစ်ဦး လိုက်ပါသွားသော အမေရိကန်ဒစ်ကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် ကိတ်ကာနီဗာရယ် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)ဆီသို့ မတ် ၁၅ ရက်က ထွက်ခွာသွားပြီဖြစ်သည်။

ဂျပန်အာကာသယာဉ်မှူး ကိုအီချိဝါကာတာသည် ဂျပန်နိုင်ငံက လွှတ်တင်ထားပြီး အိုင်အက်စ်အက်စ်နှင့် ချိတ်ဆက်ထားသည့် ကီဘိုအမည်ရှိ အာကာသဓာတ်ခွဲခန်းတွင် သုံးလကြာနေထိုင်၍ သိပ္ပံစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

ဒစ်ကာဗာရီ အာကာသလွန်းပြန်ယာဉ်သည် အာကာသအတွင်း၌ ၁၃ ရက်ကြာတာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားခြင်းဖြစ်သည်။ ထိုယာဉ်လွှတ်တင်ရေး အစီအစဉ်ကို ဖေဖော်ဝါရီလ အစောပိုင်းကတည်းက လွှတ်တင်ရန်ဖြစ်သော်လည်း လောင်စာပေးပို့သော ဟိုက်ဒရိုဂျင် အဆို့ရှင်များ ချွတ်ယွင်းနေသဖြင့် ပစ်လွှတ်မည့် အစီအစဉ်ကို တစ်လတာ ရွှေ့ဆိုင်းခဲ့ရသည်။

အင်တာနက်။

အိုပက်အဖွဲ့ဝင် ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာကို မတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုပက်အဖွဲ့က ရေနံထုတ်လုပ်မှုမလျှော့ လက်ရှိအတိုင်း ဆက်လက်ထုတ်လုပ်မည်

ဗီယားနား မတ် ၁၆

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)က ယင်း၏အဖွဲ့ဝင် ၁၂ နိုင်ငံတို့အား ရေနံထုတ်လုပ်မှုကို လျှော့ချခြင်းမပြုဘဲ လက်ရှိအခြေအနေအတိုင်း ဆက်လက်ထုတ်လုပ်သွားရန် တိုက်တွန်းထားသည်။

အိုပက်အဖွဲ့သည် ရေနံစိမ်းဈေးကွက်အခြေအနေကို လေ့လာသုံးသပ်ရန်အတွက် မေ ၂၈ရက်တွင် အထူးအစည်းအဝေးတစ်ကြိမ် ထပ်မံကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

ဂျီ-၂၀ အုပ်စုနိုင်ငံများသည် ဧပြီ ၂ ရက်တွင် လန်ဒန်မြို့၌ ထိပ်သီးအစည်းအဝေး ကျင်းပသွားရန်ရှိသည်။ အိုပက်အဖွဲ့က ရေနံထုတ်လုပ်မှုကို မပြောင်းလဲထားလိုက်ခြင်းဖြင့် ဂျီ-၂၀ အုပ်စုဝင် နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေးအခြေအနေကို စဉ်းစားဆုံးဖြတ်ရာ၌ အချိန်ပိုမို ရရှိနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

သုံးကြိမ်ရှိ

ရေနံဈေးနှုန်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှစ၍ ကမ္ဘာ့စီးပွားရေးဆိုးရွားလာသည့် ဂယက်ကြောင့် တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ယင်းသို့ ဈေးနှုန်းကျဆင်းမှုကို ရပ်တန့်သွားစေရန် အိုပက်အဖွဲ့ဝင်နိုင်ငံများကလည်း ရေနံထုတ်လုပ်မှုကို လျှော့ချလာခဲ့ သည်မှာ ယခုအတောအတွင်း၌ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုသည် နေ့စဉ် စည်ပေါင်း ၂၄ ဒသမ ၈၄ သန်းတွင် တည်ရှိနေသည်။

အင်တာနက်။

ဗီယက်နမ်၌ ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးအတွင်း ထိုးကျ၍ ၁၀ ဦးသေ

ဟန္နိုင်း မတ် ၁၆

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းတွင် ရုရှားကမ္ဘာလှည့်ခရီးသည်များ အများစုကို တင်ဆောင်လာသော ဘတ်စ်ကားသည် သောကြာနေ့က ချောက်ကမ်းပါးတစ်ခုအတွင်းသို့ ထိုးကျခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ရုရှားနိုင်ငံသား

သေဆုံးသူ ၁၀ ဦးတွင် ကိုးဦးမှာ ရုရှားနိုင်ငံသားများဖြစ်၍ ကျန်တစ်ဦးမှာ ဗီယက်နမ်နိုင်ငံသား စကားပြန်တစ်ဦးဖြစ်သည်။

လွန်ခဲ့သောနှစ်က မော်တော်ယာဉ်မတော်တဆမှုများကြောင့် လူ ၁၂၀၀၀ ကျော် သေဆုံးသည်ဟု သိရသည်။ ရှေးဦးစုံစမ်းစစ်ဆေးချက်အရ ဘတ်(စ်)ကားကို တောင်ကျောအတိုင်း အရှိန်နှင့် မောင်းဆင်းလာပြီးနောက် ချောက်ကမ်းပါးအတွင်းသို့ ထိုးကျခြင်းဖြစ်သည်ဟု ရဲအရာရှိ ငုယင်ဘန်လန်း၏ ပြောကြားချက်ကို အေပီသတင်းဌာနက ကိုးကား ဖော်ပြသည်။

အခင်းဖြစ်သည့်အချိန်တွင် ဘတ်စ်ကားပေါ်၌ လူ ၂၆ ဦးပါရှိကြောင်း သိရသည်။

အင်တာနက်။

အစ္စရေးတပ်ဖွဲ့ဝင် လွတ်မြောက်ရေး ညှိနှိုင်းရေးမှူးများ အီဂျစ်သို့ ထပ်မံရောက်ရှိ

ဂျေရုဆလင် မတ် ၁၆

ဟားမတ်စ်တို့ ပြန်ပေးဆွဲထားသော အစ္စရေးတပ်ဖွဲ့ဝင် ပြန်လည်လွတ်မြောက်ရေးအတွက် ထပ်မံကြိုးပမ်းမှုအဖြစ် အီဂျစ်သို့ အစ္စရေးအဆင့်မြင့် အရာရှိကြီးနှစ်ဦးကို စေလွှတ်ထားကြောင်း ဝန်ကြီးချုပ်ရုံးက မတ် ၁၄ရက် ညနေပိုင်းတွင် ထုတ်ပြန်ကြေညာသည်။ ရှင်းဘတ်လုံခြုံရေးအဖွဲ့ခေါင်းဆောင် ယူဗယ်ဒစ်စကင်နှင့် စေ့စပ်ညှိနှိုင်းရေးအကြီးအကဲ အော်ဖာဒီကယ်တို့သည် မတ် ၁၅ ရက် ညနေပိုင်းထိ ကိုင်ရိုမြို့တွင် နေထိုင်ပြီး ဟားမတ်စ်တို့နှင့် အကျဉ်းသားများဖလှယ်ရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ အီဂျစ်သတင်းထောက်များနှင့် တွေ့ဆုံသွားမည်ဟု ယူဆရကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

ဝန်ကြီးချုပ်သက်တမ်း ကုန်ဆုံးရန် အချိန်နီးကပ်နေသော အီဟွတ်အိုလ်မတ်အနေဖြင့် လွန်ခဲ့သော သုံးနှစ်ခန့်က ပါလက်စတိုင်းစစ်သွေးကြွများ ပြန်ပေးဆွဲသွားခဲ့ပြီး ဂါဇာကမ်းမြောင်တွင် ထိန်းသိမ်းခံထားရသည်ဟု ယူဆရသည့် ဂီလတ်ရှလစ် ပြန်လည်လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးစားလျက်ရှိသည်။ ရှလစ်လွတ်မြောက်ရေးအတွက် အစ္စရေးအကျဉ်းထောင်များရှိ ပါလက်စတိုင်းအကျဉ်းသား ရာပေါင်းများစွာကို အစ္စရေးက ပြန်လည်လွှတ်ပေးရမည့် အခြေအနေတွင်ရှိသည်ဟု မကြာသေးမီက ပြုလုပ်ခဲ့သည့် စေ့စပ်ညှိနှိုင်းမှုတွင် ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် ရှလစ်၏မိသားစုဝင်များနှင့် ထောက်ခံသူများက အိုလ်မတ်အနေဖြင့် အဆိုပါပြဿနာကို ဖြေရှင်းပေးရန် အစိုးရအပေါ် ဖိအားပေးလျက်ရှိသည်။ ရှလစ်၏အစ်ကိုဖြစ်သူ ရိုအယ်ရှလစ်က ရုပ်မြင်သံကြားတွင် မတ် ၁၄ ရက်က ပြောကြားရာ၌ စေ့စပ်ညှိနှိုင်းမှုများသည် အရေးကြီးသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အချိန်မနှောင်းမီ ရှလစ်ပြန်လည်လွတ်မြောက်လာရန် မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အင်တာနက်။

ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ကာနီဗာရယ်ရှိကနေဒီအာကာသလွှတ်တင်ရေးစခန်းမှ ဒစ်ကာဗာရီ အာကာသလွန်းပြန်ယာဉ်အား လွှတ်တင်လိုက်သည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယီမင်တွင် ပေါက်ကွဲမှုဖြစ်ပွားသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ သေဆုံး

ရှီဘမ် မတ် ၁၆

ယီမင်နိုင်ငံ၏သမိုင်းဝင် ရှီဘမ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသည်လေးဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုတွင် ထိုအဖွဲ့နှင့်အတူ လိုက်ပါသွားသော ယီမင်နိုင်ငံသား နှစ်ဦးလည်း အသက်ဆုံးရှုံးသွားပြီး အခြားလူသုံးဦးလည်း ဒဏ်ရာရရှိသွားသည်။

ယီမင်နိုင်ငံသည် အစွန်းရောက်တိုက်ခိုက်ရေးသမားများ၏ ရန်မှ ကင်းလွတ်သည်ဟု သာမန်အားဖြင့် မှတ်ယူထားကြသည်။ ယခုပေါက်ကွဲမှု အဘယ်ကြောင့်ဖြစ်ပွားရသည်ကို မသိရှိရသေးဟု ဆိုသည်။

တနင်္ဂနွေနေ့ကဖြစ်ပွားသော ပေါက်ကွဲမှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်နိုင်သည်ဟု ဒေသဆိုင်ရာ လုံခြုံရေးအရာရှိက ပြောကြားသည်။ သို့ရာတွင် ယင်းပေါက်ကွဲမှုသည် အနီးအနားရှိ မိုင်းတွင်းလုပ်ငန်းမှ မပေါက်ကွဲသေးဘဲ ကျန်ရှိနေခဲ့သည့် ဖောက်ခွဲရေးပစ္စည်း တစ်စုံတစ်ရာကြောင့်လည်း ဖြစ်နိုင်သည်ဟု ဆိုသည်။

ယီမင်သည် အကြမ်းဖက်မှုမှ ကင်းသည်ဆိုသော်လည်း ပြီးခဲ့သောနှစ်များက အနောက်တိုင်းသားများအပေါ် ရန်လိုသော တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်းက ပေါ်ပေါက်ခဲ့သည့် အမေရိကန်သံရုံး ကားဗုံးခွဲမှုသည် ထင်ရှားသော သာဓကတစ်ခု ဖြစ်သည်။ **အင်တာနက်။**

မက်ဆီဒိုးနီးယားတွင် သစ်ပင်စိုက်ပျိုးရေးနေ့ ကျင်းပ အပင်ပေါင်း ငါးသန်း စိုက်ပျိုး

တီရာန မတ် ၁၆

မက်ဆီဒိုးနီယားနိုင်ငံတွင် ပြီးခဲ့သည့် နွေရာသီနှစ်ကြိမ်အတွင်း မီးအကြီးအကျယ် လောင်ကျွမ်းသဖြင့် ပျက်စီးခဲ့ရသော သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ သစ်တောပြန်လည်ဖော်ထုတ်ရေးနေ့ကို သတ်မှတ်ကာ မတ် ၁၄ ရက်တွင် သစ်ပင်ပေါင်း ငါးသန်းကို တစ်နိုင်ငံလုံး၌ စိုက်ပျိုးခဲ့ကြသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘော်လ်ကန်ဒေသ နိုင်ငံအနောက်ပိုင်းတွင် အနာဂတ်အတွက် သစ်ပင်စိုက်ပျိုးရေး သုံးရက်တာကာလဟူသော စာတမ်းများကို ကိုင်ဆောင်ကာ သစ်တောပြန်လည်ဖော်ထုတ်ရေး လှုပ်ရှားမှုအဖြစ် ပြည်သူထောင်နှင့်ချီ၍ စီတန်းလမ်းလျှောက်ခဲ့ကြသည်။

စကုပ်ဂျေးမြို့ အရှေ့ဘက် ကီလိုမီတာ ၉၀ ခန့်အကွာရှိ ကာရာတိုဗိုဒေသအနီး ထရန်အို့ဗ်စ်မြို့တွင် မက်ဆီဒိုးနီးယား ဝန်ကြီးချုပ်ကိုယ်တိုင် သစ်ပင်များကို စိုက်ပျိုးပေးခဲ့သည်ဟု သိရသည်။

ဤလုပ်ဆောင်မှုသည် အနာဂတ်အတွက် သဘာဝဝန်းကျင်၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များအားလုံး၌ ရင်းနှီးမြှုပ်နှံသည့် သဘောပင်ဖြစ်သည်။ ထိုလုပ်ဆောင်မှုတွင် သစ်တောပြန်လည်ဖော်ထုတ်ရေးရည်မှန်းချက်လည်း ပါဝင်သည့်အတွက် ဝမ်းမြောက်မိကြောင်း ဝန်ကြီးချုပ် နီကိုလာဂရုဗက်စ်ကီက ပြောကြားသည်။

ပြီးခဲ့သည့် နွေရာသီ နှစ်ကြိမ်အတောအတွင်း မီးအကြီးအကျယ် လောင်ကျွမ်းခဲ့သဖြင့် ခန့်မှန်းခြေသစ်တော ဟက်တာ ၃၅၀၀၀ ထက်မနည်း ပျက်စီးခဲ့ရပြီး ယူရိုသန်း ၃၀ ကျော် (အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၈ သန်းခန့်) ဆုံးရှုံးခဲ့ရသည်။

အင်တာနက်။

အစ္စရေးရဲတပ်ဖွဲ့ အနောက်ဘက်ကမ်းတွင် ပစ်သတ်ခံရ

ဂျေရုဆလင် မတ် ၁၆

အနောက်ဘက်ကမ်းဒေသတွင် ကင်းလှည့်နေသော အစ္စရေးရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ပါလက်စတိုင်းစစ်သွေးကြွများက ယမန်နေ့က ပစ်သတ်ခဲ့ကြောင်း မီဒီယာသတင်းက ဖော်ပြသည်။

ပြောကြား

လပေါင်းများစွာ အချိန်အတွင်း ယခုပစ်ခတ်မှုသည် ပထမဆုံးပေါ်ပေါက်လာသော ပစ်ခတ်မှုပင်ဖြစ်သည်ဟု ဆိုသည်။ ယခုပစ်ခတ်မှုသည် လူသိနည်းပါးသော အိုင်မက်မွတ်နီယားအုပ်စု၏ လက်ချက်ဖြစ်သည်ဟု ဂါဇာမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းပစ်ခတ်မှုသည် အစ္စရေးနှင့် ဂျော်ဒန်နယ်စပ်အနီးရှိ အစ္စရေးစိုက်ပျိုးရေးကျေးရွာ မာရှား၏ဝန်းကျင်တွင် ဖြစ်ပွားကြောင်း သိရသည်။

အင်တာနက်။

ကမ္ဘာလှည့်ခရီးသည်လေးဦး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားရသော ယီမင်နိုင်ငံ၏ သမိုင်းဝင် ရှီဘမ်မြို့ မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တီဘီရောဂါတားဆီးတိုက်ဖျက်ရေး မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး
(အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး)

သမိုင်းမှတ်တမ်းများအရ တီဘီရောဂါသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ ခန့်ကတည်းက စတင်ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ဂျာမန်ဆေးသိပ္ပံပညာရှင် ဒေါက်တာ ရောဘတ်ကော့ခ်သည် တီဘီရောဂါဖြစ်ပွားစေသော Mycobacterium tuberculosis ပိုးကို ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် စတင်တွေ့ရှိခဲ့ရာ ၎င်းကို ဂုဏ်ပြုသည့်အနေဖြင့် တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကို ၁၉၉၆ ခုနှစ်မှစ၍ မတ်လ ၂၄ ရက်နေ့ ကျရောက်တိုင်း မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ် ကျင်းပလျက်ရှိသည်။ ယခုနှစ် ဆောင်ပုဒ်မှာ-

"တီဘီကင်းစင်၊ ကမ္ဘာတစ်ခွင်၊ လူတိုင်းတာဝန်ပင်"

"I am stopping T.B"

ဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား တီဘီတိုက်ဖျက်ရေး စီမံကိန်းအစီအစဉ် National Tuberculosis Programme (N.T.P)၊ ဆေးသုတေသနဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ မြန်မာနိုင်ငံဆရာဝန်အသင်း (MMA)၊ နိုင်ငံတကာလူဦးရေဝန်ဆောင်မှုအဖွဲ့ (PSI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA) တို့ ပူးပေါင်းပြီး Manual on Public Private Mix DOTS နိုင်ငံပိုင်နှင့်ပုဂ္ဂလိက အခန်းကဏ္ဍများ တီဘီရောဂါတိုက်ဖျက်ရေးနှင့်တိုက်ရိုက်ကြည့်ရှု အချိန်တိုကုသနည်း လက်ဆွဲစာအုပ်ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ နိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ထုတ်ဝေခဲ့သော ထိုစာအုပ်တွင် ဖော်ပြထားသည့် ကိန်းဂဏန်းများအရ (၁) ကမ္ဘာပေါ်တွင် တီဘီရောဂါအများဆုံး ဖြစ်ပွားသော ၂၂ နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် ၂၀ ၌ တည်ရှိကြောင်း၊ (၂) မြန်မာနိုင်ငံ၏ လူဦးရေ ၁၀၀၀၀၀ လျှင် ၁၇၁ ဦး တီဘီရောဂါခံစားနေရကြောင်း၊ (၃) နှစ်စဉ် သလိပ်ပိုးတွေ့ လူနာသစ် လူဦးရေ ၁၀၀၀၀၀ လျှင် ၇၆ ဦး ရှိကြောင်း၊ (၄) နှစ်စဉ် လူဦးရေ ၁၀၀၀၀၀ လျှင် လူနာသစ် ၂၁၂ ဦး ရှာဖွေတွေ့ရှိနေရကြောင်း၊ (၅) နှစ်စဉ် လူဦးရေ ၁၀၀၀၀၀ လျှင် တီဘီရောဂါကြောင့် သေဆုံးသူ ၁၅ ဦးရှိကြောင်း၊ (၆) နှစ်စဉ် ရောဂါကူးစက်ခံနိုင်ချေ Annual Risk of Infection (ARI) ၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်းနှင့် (၈) တီဘီရောဂါခံစားသူများတွင် HIV ကူးစက်ခံရမှု ၁၀ ရာခိုင်နှုန်းရှိကြောင်း စသည်ဖြင့် ကြောက်ခမန်းလိလိ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရန်ကုန်တွင် ၁၉၉၅ ခုနှစ်တွင် ဆေးယဉ်ပါး တီဘီလူနာ ၁ ဒသမ ၃ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၃ခုနှစ်တွင် ၄ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးပွားလာကြောင်း၊ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (အောက်မြန်မာပြည်)တွင် သုတေသီပညာရှင်တစ်စုက ဖတ်ကြားတင်သွင်းသည့် စာတမ်းတစ်ခုအရ သိရှိမှတ်သားခဲ့ရသည်။ ထို့အပြင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံသည် တီဘီရောဂါပိုးကူးစက်ခံထားရသူများဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြေညာချက်တွင် ပါရှိသည်။ ထိုစိန်ခေါ်မှုများအား မြန်မာနိုင်ငံမှ ကြံ့ကြံ့ခိုင်ရပ်တည်ရင်ဆိုင်ဖြေရှင်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများနှင့် လက်တွဲပြီး ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအပါအဝင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးအတွက် ဘက်စုံထောင့်စုံမှ ဖော်ဆောင်လျက်ရှိရာ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း ၂၀၀၁-၂၀၀၆ ကို အကောင်အထည်ဖော်ခဲ့သကဲ့သို့ ယနေ့ကာလတွင် ကျန်းမာရေးဝန်ကြီးဌာနက "မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်" နှစ် ၃၀ နှစ်ရှည် ကျန်းမာရေးစီမံကိန်း ၂၀၀၁-၂၀၃၀ နှင့် အမျိုးသား ကျန်းမာရေးစီမံကိန်း ၂၀၀၆-၂၀၁၁တို့ကို စီမံချက်ကြီး ၁၂ ခု၊ လုပ်ငန်းစီမံချက် ၆၆ ခုတို့ဖြင့် အသီးသီးရေးဆွဲ ဖော်ဆောင်လျက်ရှိသည်။ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး အစီအစဉ် စီမံချက် National Tuberculosis Programme (N.T.P)ကို ဦးတည်ချက်များ ချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းဦးတည်ချက်များမှာ-

(၁) တီဘီရောဂါ ကူးစက်ခြင်း၊ နာမကျန်းဖြစ်စေခြင်း၊ သေဆုံးခြင်းတို့ကို နည်းပါးစေပြီး တီဘီရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာ တစ်ရပ်အဖြစ်မှ ဖယ်ရှားပစ်ရေး
(၂) ဆေးယဉ်ပါး တီဘီရောဂါ ကြိုတင်ကာကွယ်ရေး
(၃) သလိပ်ပိုးတွေ့ အဆုတ်တီဘီ ဝေဒနာရှင်စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းအား ပျောက်ကင်းအောင် ကုသပေးရေး
(၄) တီဘီ သံသယ လူဦးရေ စုစုပေါင်းထဲမှ သလိပ်ပိုးတွေ့ အဆုတ်တီဘီလူနာ ရာခိုင်နှုန်း ၇၀ ရှာဖွေဖော်ထုတ်ရေးနှင့်
(၅) တိုက်ရိုက်ကြည့်ရှု အချိန်တိုကုသမှု DOTS စနစ် ရှင်သန်တည်တံ့ခိုင်မာရေး စသည့် လက်တွေ့ကျသော ဦးတည်ချက်များပင် ဖြစ်သည်။

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်(N.T.P)နှင့် အခြားနိုင်ငံပိုင် ကျန်းမာရေးအဖွဲ့အစည်းများ၊ ဆေးသုတေသန ဦးစီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ဆေးရုံ ဆေးခန်းများ၊ NGO၊ INGOများ၊ အထွေထွေရောဂါကုဆရာဝန်များနှင့် ဆက်နွှယ်ကာ မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ရာတွင်-

(၁) အများပြည်သူ တီဘီရောဂါအကြောင်း သိရှိနားလည်အောင် ကျန်းမာရေးပညာဖြန့်ဖြူးမှု အရှိန်အဟုန် မြှင့်တင်ခြင်း၊
(၂) တစ်နှစ်အောက် ကလေးအားလုံး ဘီစီဂျီကာကွယ်ဆေးထိုးနှံခြင်း၊
(၃) ဆေးရုံဆေးခန်းလာသူ တီဘီသံသယလူနာအားလုံးအား သလိပ်စစ်ဆေးပေးခြင်း၊
(၄) အခြေခံအောက်ဆုံးအလွှာ လူထုလူတန်းစားအဆင့်အထိ တိုက်ရိုက်ကြည့်ရှု အချိန်တို ကုသမှုအကောင် အထည်ဖော်ပေးခြင်း၊
(၅) လူတန်းစား အလွှာအသီးသီးတွင် အမျိုးသား တီဘီတိုက်ဖျက်ရေး စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ထိရောက်စွာ ဆန်းစစ်ကြပ်မတ်ခြင်း၊
(၆) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ဆေးရုံဆေးခန်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်မားစေခြင်း၊
(၇) ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ပေးခြင်း၊
(၈) တီဘီ HIV ယှဉ်တွဲမှု၊ ဆေးယဉ်ပါးမှု တားဆီးခြင်းနှင့်
(၉) လုပ်ငန်းဆိုင်ရာ သုတေသနများ ပြုလုပ်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် DOTS (တိုက်ရိုက်ကြည့်ရှု အချိန်တိုကုသမှု)၏ အဓိကသော့ချက်ငါးချက်ဖြစ်သည့်-

(၁) တီဘီတိုက်ဖျက်ရေးလုပ်ငန်းများတွင် မိမိနိုင်ငံအစိုးရ၏ ပါဝင်အားပေးကူညီဆောင်ရွက်မှုရှိရမည် ဆိုသည့်အချက်ကို မြန်မာနိုင်ငံအစိုးရက စီမံချက်ရေးဆွဲပြီး တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။
(၂) ရက်ပေါင်းကြာရှည်စွာ ချောင်းဆိုးသောဝေဒနာရှင်များနှင့် အခြားတီဘီသံသယလူနာများအား မှန်ဘီလူးဖြင့် သလိပ်ပိုးစစ်ဆေးခြင်း အခွင့်အလမ်းကို လူတိုင်းလက်လှမ်းမီရေးကို အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။
(၃) တီဘီလူနာတိုင်းအား သတ်မှတ်စံနှုန်းအတိုင်း အခမဲ့ကုသမှုရရှိရေးကိုလည်း NTP က ဆောင်ရွက်ပေးလျက်ရှိသည်။
(၄) လူနာများအတွက် ဆေးဝါးများကို စဉ်ဆက်မပြတ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သတ်မှတ်ချက်နှင့်အညီ အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိသည်။
(၅) လူနာတစ်ဦးချင်းနှင့် စီမံကိန်းတစ်ခုလုံး၏ အောင်မြင်မှု ရလဒ်ဆိုင်ရာ မှတ်တမ်းမှတ်ရာများကို အစဉ်ပြုစု ထိန်းသိမ်းလျက်ရှိသည်။

၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်ရိုက်ကြည့်ရှု အချိန်တိုကုသမှုစနစ်တွင် အချက်အလက်ငါးချက် ထပ်မံတိုးမြှင့် သတ်မှတ်ပေးခဲ့ရာ နိုင်ငံတော်အစိုးရက ပြည်သူလူထု အကျိုးငှာလိုက်လျောညီထွေ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအချက်အလက်ငါးချက်မှာ-

(၁) ဆေးယဉ်ပါး တီဘီ MDR TB၊ အလွန့်အလွန် ဆေးယဉ်ပါး တီဘီ XDR TB၊ တီဘီနှင့် HIV ယှဉ်တွဲဖြစ်ပွားမှု တားဆီးရေး၊
(၂) တီဘီရောဂါတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စောင့်ရှောက်မှုပေးသူအားလုံး (အစိုးရ၊ ပုဂ္ဂလိက၊ NGO၊ INGO၊ အထွေထွေရောဂါကုဆရာဝန်များ)ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု (Public Private Mix-PPM)နည်းလမ်းဖြင့် လက်တွဲချိတ်ဆက်ကာ တီဘီရောဂါအား ချေမှုန်းတိုက်ဖျက်ရေး၊
(၃) ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ခိုင်မာတောင့်တင်းရေး [မူဝါဒ၊ လူသားအရင်းအမြစ်(စောင့်ရှောက်မှု ပေးသူများ)၊ ဘဏ္ဍာငွေ၊ စီမံခန့်ခွဲမှု၊ ပြုစုစောင့်ရှောက်မှု၊ အထက်အောက် ဆက်သွယ်စောင့်ရှောက်မှု၊ နီးနွယ်နယ်ပယ်များမှ အကူအညီရရှိမှုနှင့် အတုယူမှု]အတွက် ဆောင်ရွက်ရေး၊
(၄) လုပ်ငန်းဆိုင်ရာ သုတေသနများ ပြုလုပ်ရေးနှင့်
(၅) တီဘီရောဂါတိုက်ဖျက်ရေးတွင် တီဘီလူနာများကိုယ်တိုင် အတူနေမိသားစုများနှင့် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲပါဝင်ဆောင်ရွက်ရေးတို့ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများနှင့် လက်တွဲပြီး ကျန်းမာရေး အဆင့်အတန်း မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေ... ကျန်းမာရေး ဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအပါအဝင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယ ကင်းရှင်းရေးအတွက် ဘက်စုံထောင့်စုံမှ ဖော်ဆောင်လျက်ရှိ...

မည်သည့်ရောဂါမဆို ကြိုတင်ကာကွယ်ရေးသည် ကုသရေးထက် ပိုမိုသာလွန်နေပေရာ၊ အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းက ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ NGO များ၊ INGO များ၊ မီဒီယာများမှတစ်ဆင့် တီဘီရောဂါအကြောင်း သိမှတ်ဖွယ်ရာများနှင့် ကြိုတင်ကာကွယ်ရေး ပညာပေးမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အသိပညာဖြန့်ဖြူးရာတွင်-

တီဘီဝေဒနာရှင်မှ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ တံတွေးထွေးခြင်း၊ ကျယ်လောင်စွာ စကားပြောခြင်း၊ သီချင်းဆိုခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိလေထဲသို့ တီဘီရောဂါပိုးပျံ့နှံ့ကာ ရှူရှိုက်သူများက ရောဂါပိုးလွယ်လင့်တကူ ကူးစက်ခံရနိုင်ကြောင်း၊ အတူနေမိသားစုဝင်များ၊ လူစည်ကားရာနေရာများတွင် အနီးအနားရှိသူများ၊ ယာဉ်အတူလိုက်ပါစီးနင်းသူ ခရီးသည်များ၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံးခန်း၊ စာသင်ခန်းများတွင် နီးစပ်သူများကူးနိုင်ကြောင်း ပညာပေးရန်၊

- တီဘီရောဂါသည် အဆုတ်တွင် အများဆုံးဖြစ်ပွားတတ်သော်လည်း၊ အမြှေးပါး၊ ဦးနှောက်၊ လည်ပင်းအကျိတ်၊ အခြားအကျိတ်များ၊ အစာအိမ်၊ အူလမ်းကြောင်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ ခါးဆစ်နှင့် အရိုးအဆစ်များတွင်လည်း ဖြစ်ပွားနိုင်ကြောင်း၊

- အသက်အရွယ်ကြီးသူ၊ ငယ်သူ၊ ပိန်သူ၊ ဝသူမရွေးဖြစ်ပွားနိုင်ကြောင်း၊ (က) ဆေးလိပ်၊ အရက်၊ အလွန်အကျွံသောက်သုံးသူများ၊ (ခ) သက်ကြီးရွယ်အိုများ ကလေးငယ်များ၊ (ဂ) အာဟာရချို့တဲ့သူများ၊ (ဃ) ဆီးချို၊ သွေးချို ဝေဒနာရှင်များနှင့် အစာအိမ် ခွဲစိတ်ထားသူများ၊ (င)ခုခံအားကျဆင်းသူများ ပိုမိုဖြစ်ပွားနိုင်ကြောင်း၊

- တီဘီရောဂါ၏ လက္ခဏာများမှာ (၁) ရက်သတ္တ သုံးပတ်ထက်ကျော်လွန်၍ ချောင်းဆိုးခြင်း၊ (၂) သလိပ်ထွက်ခြင်း၊ သွေးပါခြင်း၊ (၃) ကျောရင်အောင့်ခြင်း၊ (၄)မောပန်းလွယ်ခြင်း၊ (၅)နာတာရှည်ဖျားခြင်း၊ ညနေနှင့် ညဘက်တွင် တရှောင်ရှောင်ဖျားခြင်း၊ ညဘက်ချွေးထွက်ခြင်း၊ (၆) အစားအသောက်ပျက်ခြင်း၊ (၇) တဖြည်းဖြည်းပိန်ချုံးလာခြင်းစသည်တို့ဖြစ်ကြောင်း၊

- တီဘီရောဂါ ကာကွယ်ရာတွင် (၁)ရင်သွေးငယ်များကို ဘီစီဂျီကာကွယ်ဆေးထိုးနှံပေးခြင်း၊ (၂)ချောင်းဆိုးနှာချေ၊ အနီးကပ် စကားပြောချိန်တွင် ပါးစပ်နှင့် နှာခေါင်းကို အဝတ်၊ လက်ကိုင်ပဝါတို့ဖြင့်အုပ်ထားခြင်း၊ (၃) တံထွေး၊ သလိပ်များ စည်းကမ်းမဲ့မထွေးဘဲ အဖုံးအအုပ်ပါသော ခွက်အတွင်းထွေးခြင်း၊ (၄) သလိပ်များကို အိမ်သာထဲ (သို့မဟုတ်) တွင်းနက်တူးပြီး စွန့်ပစ်ခြင်း၊ (၅) သင့်လျော်သော ကိုယ်ကာယလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ (၆) လူနာ၏ အဝတ်အထည်၊ လက်ကိုင်ပဝါ၊ လျှော်ဖွပ်ပြီးလျှင် နေပူလှန်းခြင်း၊ (၇) မျှတသော အာဟာရပြည့်ဝအောင် စားသောက်ခြင်း၊ (၈) ကောင်းမွန်စွာ အိပ်စက်အနားယူခြင်း စသည်များပြုလုပ်ရန် လိုအပ်ကြောင်းတို့ကို လူထုအကြား ကျန်းမာရေးပညာ ပြန့်ပွားစေရမည်ဟု အဓိဋ္ဌာန် စကားကို ဦးထိပ်ထားဆောင်ရွက်သွားရမည် ဖြစ်သည်။ သုံးပတ်ထက် ကျော်လွန်အောင် ချောင်းဆိုးလျှင်၊ သလိပ်တွင် သွေးပါလျှင်၊ တဖြည်းဖြည်း ပိန်ချုံးလာလျှင်၊ နီးစပ်ရာ ဆေးရုံဆေးခန်းများတွင် စစ်ဆေးခံနိုင်ကြောင်း၊ တီဘီတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ မြို့နယ်ကျန်းမာရေးဌာနများတွင် အခမဲ့ကုသမှု ခံယူနိုင်ကြောင်း၊ ခြောက်လမှ ရှစ်လအထိ နေ့စဉ် မပျက်မကွက်သောက်ရန် လိုအပ်ကြောင်း၊ ကုသမှုမခံယူလျှင် အသက်အန္တရာယ်ရှိနိုင်ကြောင်း၊ ကုသမှုခံယူလျှင် ပျောက်ကင်းနိုင်ကြောင်း သတင်းကောင်းပါးရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏အောင်မြင်မှုများ

နယူးဒေလီမြို့တွင် ရုံးစိုက်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသ နယ်နိမိတ်အတွင်း ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်ဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် တီမော ၁၁ နိုင်ငံ ရှိကြရာ၊ တီဘီရောဂါတားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် သိသိသာသာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ Global TB Report 2007 အစီရင်ခံစာမှ ကိန်းဂဏန်းများက ဖော်ပြလျက်ရှိသည်။ ဥပမာ-၂၀၀၇ ခုနှစ်တွင် တိုက်ရိုက်ကြည့်ရှု အချိန်တိုကုသမှု DOTS လုပ်ငန်းလွှမ်းခြုံမှုတွင် ၉၅ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ရောဂါရှာဖွေဖော်ထုတ်ခြင်းနှုန်း (Case Detection Rates-CDR)တွင် ၉၅ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ရောဂါကုသခြင်း အောင်မြင်မှုနှုန်း (Treatment Success Rate-TSR)တွင် ၈၄ ရာခိုင်နှုန်း အသီးသီးအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါ အစီရင်ခံစာ၌ အသိအမှတ်ပြု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါကို တားဆီးတိုက်ဖျက်ရာတွင် ယခု ကဲ့သို့ အောင်မြင်မှုများ ရရှိနေခြင်းသည် နိုင်ငံတော်၏ မှန်ကန်တက်ကြွသော ဦးဆောင်မှု၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ လူမှုရေး အဖွဲ့အစည်းအသီးသီး၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအသီးသီး၊ NGO၊ INGO တို့၏ ပါဝင်ကူညီပံ့ပိုးမှု၊ ပြည်သူလူထုတစ်ရပ်လုံး၏ လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း မတ်လ ၂၄ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကိုကြိုဆိုရင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး တိုင်းရင်းသားပြည်သူများ သွားလာမှုလွယ်ကူစေမည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-
ရဲနောင်/တင်မောင်

နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အကောင်အထည်ဖော်လျက်ရှိရာ ကားလမ်း၊ ရထားလမ်းနှင့် တံတားများ ကွန်ရက်ပမာ လက်ယှက်ထိုး ဖြစ်တည်နေသကဲ့သို့ အခြားတိုင်း၊ ခရိုင်များနည်းတူ မုံရွာခရိုင်တွင်လည်း ကျေးရွာချင်းဆက်၊ ကျေးရွာနှင့် မြို့ဆက်ကားလမ်းနှင့် တံတားများ ကွန်ရက်ပမာ တည်ဆောက်ပေးထားသဖြင့်အဆိုပါလမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း လိုက်ပါဖွံ့ဖြိုးလာသည်။ အဆိုပါလုပ်ငန်းများအနက် ရန်ကုန်- မန္တလေး- မုံရွာလမ်းပိုင်းမှ ပို့ဆောင်ရေးလုပ်ငန်းမှာ ခရီးသွားများအတွက် ကျေနပ်စရာဖြစ်သည်။ မုံရွာနှင့်ကျေးလက် သယ်ယူပို့ဆောင်ရေး ခရီးလမ်းကြောင်းများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံတော်၏ ရည်မှန်းချက်ကိုပါ အထောက်အပံ့ပြုလျက်ရှိသည်။

တော်ဝင်ရွှေပြည်သုံးဘီးဆိုင်ကယ်

မုံရွာ-ကျေးလက် တော်ဝင်ရွှေပြည် သုံးဘီးဆိုင်ကယ်ယာဉ် အသင်းသည် အစီးရေ ၃၀ဖြင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ပြမှုအတိုင်း ဆောင်ရွက်ပြေးဆွဲသွားမှာ ဖြစ်ကြောင်း၊တော်ဝင်ရွှေပြည် သုံးဘီးဆိုင်ကယ်ယာဉ်များမှာဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီမှထုတ်လုပ်သည့် ရွှေသမင်အမျိုးအစား ပြည်တွင်းဖြစ် သုံးဘီးဆိုင်ကယ်များ ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဟ/ အက္ခရာ နံပါတ်များ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ယခုပြေးဆွဲမယ့် ရွှေသမင်အမျိုးအစား သုံးဘီးဆိုင်ကယ်ယာဉ်တွေဟာ ထရန်စဖော်မာ ပါရှိပါတယ်။ နောက်တန်းအကြီး၊ ချိန်းစနစ် မဟုတ်ဘဲ ဂီယာကရောင်းစနစ်ဖြစ်ပါတယ်။ ရှေ့ဖောက်ဆိုရင် အကြီးတစ်ဖက်နှစ်ချောင်း ပါရှိပါတယ်။ ရှေ့ဘီးတာယာအကြီး (သံဂွေ) ဖြစ်လို့ နောက်ဘီးနှစ်လုံးနှင့် ဆိုက်တူဖြစ်ပါတယ်။ အင်ဂျင်က ၁၅၀ စီစီ၊ ဂီယာက ခြောက်ချက်၊ ဘော်ဒီက အလျား ငါးပေရှစ်လက်မ၊ အနံ လေးပေသုံးလက်မကျယ်ပြီး လေးနှစ်ထပ်အပြင် စပရိန်ပါ ပါတယ်၊ အောက်ပိုင်းစနစ်အလွန်ကောင်းပြီး တောင့်တင်းခိုင်ခံ့တယ်။ ခရီးသည် ၁၂ ယောက်တင်နိုင်တယ်။ ကုန်တင်မယ်ဆိုရင် ပိဿာချိန် ၃၆၀ ကျော် တင်ဆောင်နိုင်တာကြောင့် လမ်းချော၊ လမ်းကြမ်း လမ်းတိုင်းကို ကောင်းစွာဝန်တင်ရုန်းကန်အားကောင်းပါတယ်ဟု ပို့ဆောင်ရေးမှူးဦးတင့်ဆွေက ရှင်းပြခဲ့သည်။

တော်ဝင်ရွှေပြည် သုံးဘီးဆိုင်ကယ်ယာဉ်အသင်းသည် မုံရွာ-အမြင့် ၁၄ မိုင်၊ မုံရွာ-ကျောက္ကာ ကိုးမိုင်၊ မုံရွာ-မိုးညှင်း- ဗောဓိတထောင် ၁၂ မိုင်နှင့် မုံရွာ-ရွှေတောင်ဦး ရှစ်မိုင် ခရီးစဉ်များကို စတင်ပြေးဆွဲနေပြီ ဖြစ်သည်။

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

ဆက်လက်၍ရန်ကုန်-မန္တလေးသယ်ယူပို့ဆောင်ရေးအပိုင်းတွင် ကုန်စည်ပို့ဆောင်ရေးသည် အရေးကြီးသကဲ့သို့ ခရီးသည်ပို့ဆောင်ရေးကလည်း အဓိကကျသည်။ ထို့ကြောင့် အဆင့်မြင့်ခရီးသည် သယ်ယူပို့ဆောင်ရေးကိုလည်း အပြိုင်အဆိုင် လုပ်ကိုင်လာကြသည်။ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးတွင် ဝန်ဆောင်မှုအကောင်းဆုံးကို ခရီးသွားများ အသိုင်းအဝိုင်းတွင် ပြောဆိုသတ်မှတ်လာကြသည်။

အဆိုပါ ခရီးသွားလုပ်ငန်းများအနက် မြတ်မန္တလာထွန်း အဆင့်မြင့်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌဦးအေးဇော်ကိုတွေ့ဆုံမေးမြန်းမိသည်။ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်-မန္တလေးခရီးစဉ် မြတ်မန္တလာထွန်း အဆင့်မြင့်မော်တော်ယာဉ်အသင်းအနေဖြင့် စတင်ပြေးဆွဲခဲ့သည်။ အသင်းတွင် ကားခြောက်စီးရှိခဲ့ရာ ရန်ကုန်-မန္တလေး နေ့စဉ် ပုံမှန်တစ်စီး အစုန်အဆန် ပြေးဆွဲခဲ့သည်။

စည်းကမ်းကောင်းမွန် စနစ်တကျလုပ်ဆောင်စည်းရုံးရေးအသွင်ဆောင်ရွက်ခဲ့ပြီး ခရီးသည်များကို စေတနာထား၍ စိတ်ချမ်းသာအောင် ပို့ဆောင်ပေးသဖြင့် တစ်နှစ်ကျော် နှစ်နှစ်ကာလအတွင်း အစုန်အဆန် တစ်နေ့ ကားသုံးစီးစီ တိုးမြှင့်ပြေးဆွဲရသည်။ ကိုယ်တိုင်ကားလုပ်ကိုင်သည့် အတွေ့အကြုံအပေါ် မူတည်၍ ခရီးသည်များကို စိတ်ချမ်းမြေ့စေရန် ပြုံးရွှင်သောမျက်နှာ၊ တန်ဖိုးထားလေးစားသော ဆက်ဆံရေးတို့ဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ မော်တော်ယာဉ်ခြောက်စီးရှိရာ မှ ၁၇ စီးအထိ တိုးတက်အောင်မြင်လာခဲ့သည်။ လေးနှစ်ကာလအတွင်း တစ်နေ့ အစုန်အဆန် လေးစီးမှ ခရီးသည်များသော ပွင့်လင်းရာသီ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် လွန်ခဲ့သော သုံးနှစ်လောက်ကစ၍ တစ်နေ့ ရန်ကုန်-မန္တလေး အစုန်အဆန် ၁၅စီးစီ ပြေးဆွဲလာရသည်။ မြတ်မန္တလာထွန်းလက်ရှိကားများနှင့် မလုံလောက်သဖြင့် အသိုင်းအဝိုင်းကားများကိုပင် အကူအညီ တောင်းခံပြေးဆွဲပေးရသည်။

မန္တလေး-ပြည် အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းက ရန်ကုန်-မန္တလေး မော်တော်ယာဉ်လိုင်းကို ကွဲဆည်ကန် မော်တော်ယာဉ်ကားကြီးဝင်း၌ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁၂ရက်က ဖွင့်လှစ်ပွဲ ကျင်းပပြီးစတင်ပြေးဆွဲသည်။ အဆင့်မြင့်မော်တော်ယာဉ်ကားကြီး ခြောက်စီး စတင်ပြေးဆွဲခဲ့သည်။ ခရီးသည်များ ပိုမိုအားပေးလာ၍ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် မော်တော်ယာဉ် ခြောက်စီးမှ ၁၂စီး ရှိလာပြီး ၂၀၀၅ ခုနှစ် မတ်လ ၈ ရက်တွင် မော်တော်ယာဉ် ၁၇ စီးအထိ တိုးတက်လာခဲ့သည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် LEO လိုင်းနှင့် ပေါင်းစီးမိပြီး တစ်နေ့ အစုန်အဆန် မော်တော်ယာဉ်ခြောက်စီး ပြေးဆွဲပေးသည်။ ၂၀၀၆ခုနှစ်တွင်ခရီးသွားပြည်သူများအားပေးမှုကြောင့် မော်တော်ယာဉ် ကားအစီးပေါင်း ၂၅စီး ရှိလာပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ခရီးသွားပြည်သူများ၏ ယုံကြည်စိတ်ချ

ဇန်နဝါရီ ၁၇ ရက်က မန္တလေး ကွဲဆည်ကန် ကားဝင်းရှိ မြတ်မန္တလာထွန်း မှန်လုံမော်တော်ယာဉ်ဖြင့် ခရီးသည်များ ခရီးသွားရန်ရောက်ရှိကြစဉ်။

အားပေးမှုရလာသဖြင့်ရန်ကုန်-မန္တလေး ခရီးစဉ်တွင် နေ့စဉ်အစုန် အဆန် ခုနစ်စီး၊ ရှစ်စီးမက ၁၀စီးအထိပင် ပြေးဆွဲပေးလာရသည်။ ၂၀၀၉ ခုနှစ်တွင် ရန်ကုန်-မန္တလေး နေ့စဉ် ၁၅စီးမှ အစီး ၂၀ အထိ ပြေးဆွဲပေးရသည်။ မန္တလေးမြို့သာမက အနီးအနားပတ်ဝန်းကျင်မြို့များသို့ ခရီးသွားများ၏ တောင်းဆိုချက်အရ မန္တလေးကို အခြေပြု၍ စစ်ကိုင်းမြို့ကို ၂၀၀၅ ခုနှစ် မတ် ၈ ရက်၌ တိုးချဲ့ ပြေးဆွဲပေးခဲ့သည်။

ရန်ကုန် - မန္တလေး - လားရှိုးအထိ မြတ်မန္တလာထွန်းကားလိုင်းကို ၂၀၀၈ ခုနှစ် မတ်လ ၃ ရက်တွင် ထပ်မံတိုးချဲ့၍ အစုန်အဆန် နေ့စဉ် တစ်စီးစီ ပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-မန္တလေး ခရီးစဉ်ပြေးဆွဲနေသော ကားအသင်း ၂၃ သင်းတွင် ကားအစီးအရေအတွက် ၂၂၈ စီးရှိပြီး နေ့စဉ်မော်တော်ယာဉ် ၄၇ စီးထွက်ရှိသည်။ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ် အသင်းများသည် ခရီးသွားပြည်သူများအား စိတ်ချမ်းမြေ့ကြည်နူးစွာ ခရီးသွားလာနိုင်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။

မုံရွာ-အမြင့်၊ မုံရွာ-ကျောက္ကာ၊ မုံရွာ-မိုးညှင်း၊ ဗောဓိတထောင်၊ မုံရွာ-ရွှေတောင်ဦး ခရီးစဉ်များ ပြေးဆွဲပေးနေသည့် ရွှေသမင်အမျိုးအစား လူစီးကုန်တင် တော်ဝင်ရွှေပြည် သုံးဘီးဆိုင်ကယ်ယာဉ်များအား တွေ့ရစဉ်။

သိမှတ်ဖွယ်ရာ ပြည်တွင်းသတင်းပဒေသာ

လျှပ်စစ်ဓာတ်အားစတင်သုံးစွဲ

မတ် ၁၁ - လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ကူညီပံ့ပိုးမှုဖြင့် သီပေါမြို့နယ် နမ့်လန်၌ လျှပ်စစ်ဓာတ်အားများ စတင်သုံးစွဲနိုင်ပြီဖြစ်သည်။

အများပြည်သူများသိရှိရန်ကြေညာ

မတ် ၁၂ - အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) တွေ့ရှိရသည့် အမှတ်တံဆိပ်/လုပ်ငန်းများနှင့် လက်ဖက်အမျိုးအစားများအား ထုတ်ပြန်ကြေညာသည်။

ဘိန်းစိုက်ခင်းများဖျက်ဆီးနိုင်ခဲ့

မတ် ၁၂ - ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ယခုနှစ်ဘိန်းစိုက်ရာသီအတွင်း ဘိန်းစိုက်ခင်း စုစုပေါင်း ဧက ၇၈၀၀ကျော် ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။

ဓာတ်ပုံနှင့်စာမူဆုရသူများကြေညာ

မတ် ၁၃ - ၂၀၀၈ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစည်းအဝေး

မတ် ၁၃ - (၄၁)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း ညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ညောင်ဦးမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးညှိနှိုင်းကြသည်။

ကျိုင်းတုံလေဆိပ်တိုးချဲ့ဆောင်ရွက်

မတ် ၁၄ - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ကျိုင်းတုံလေဆိပ် တိုးချဲ့သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ဘတ်စကက်ဘောပြိုင်ပွဲဖွင့်

မတ် ၁၄ - ၂၀၀၉ ခုနှစ် ဒုတိယအကြိမ်(နေပြည်တော်) ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲဖွင့်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာသိုင်းပညာစဉ်ပြပွဲကျင်းပ

မတ် ၁၅ - တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ သိုင်းပညာစဉ်ပြပွဲအခမ်းအနားကို မန္တလေးမြို့၌ကျင်းပရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သိုင်းပညာရှင် အမျိုးသား၊ အမျိုးသမီးများက စွမ်းရည်ပြကွက် ၁၂၀ တို့ကို သရုပ်ဖော်ပြသကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဘိလိယက်နှင့်စနူကာ လူသစ်တန်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ Grand Royal Special Reserve Billiards & Snooker Championship 2009 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၉နာရီက တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက် သီရိမင်္ဂလာလမ်း အမှတ်(၃၉၄) Manchester Sbooker Club ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် IBTC ကုမ္ပဏီမှ ဦးတင်အောင်ကျော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး၊ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လူသစ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မတ် ၁၄ ရက်က ဆုပေးပွဲ ကျင်းပသည်။

အလားတူ ဘိလိယက်နှင့်စနူကာပြိုင်ပွဲများကို ရန်ကုန်၊ မန္တလေးနှင့် မကွေးမြို့များ၌လည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၃၀၅)

☆ **ကျောက်ဖြူမှ**

ယနေ့တွင်လည်း နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ဦးဆောင်မှုဖြင့် နာဂစ်လေမုန်တိုင်းဒဏ်သင့် ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက Bulldozer ၁၈ စုံနှင့် Excavator အစုံ ၄၀ တို့ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ လှူဒါန်းပစ္စည်းများကို လွှဲပြောင်းလက်ခံသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Ye Dabo က ပစ္စည်းများလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သံအမတ်ကြီး H.E Mr. Ye Dabo တို့သည် လှူဒါန်းပစ္စည်းများ လွှဲပြောင်းမှုမှတ်တမ်းလွှာတွင် လက်မှတ်ရေးထိုးကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်စကား ပြောကြားကာ သံအမတ်ကြီး H.E Mr. Ye Dabo ထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် Bulldozers နှင့် Excavators များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ နာဂစ်လေမုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရက Bulldozer ၁၈စုံနှင့် Excavator အစုံ ၄၀ တို့ လွှဲပြောင်းလှူဒါန်းပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Ye Dabo ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်း အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၆

၁၉၈၇ခုနှစ်နှင့် ၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းဆင်းကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၄ရက် နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Center ၌ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက်အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉၅၁၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉၅၁၁၉၀၇၀၊ ဒေါက်တာညဏ်မြင့်ကျော် ဖုန်း-၀၉၅၁၃၃၅၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉၅၀၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉၅၀၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉၂၀၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉၂၀၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇၊ မရီရီခင် ဖုန်း-၀၉၅၀၀၃၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် နှစ်အလိုက်ဆရာ၊ ဆရာမများအား လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

✧ **ရေထွက်ကုန်မှ**

ရခိုင်ပြည်နယ်မှ ထွက်ရှိသော ရေထွက်ပစ္စည်းများကို ဒေသအသီးသီးသို့ ရောင်းဝယ်ဖောက်ကားနေကြသကဲ့သို့ ရေထွက်ပစ္စည်း တစ်မျိုးဖြစ်သော ငါးစည်ဖောင်း(ဝါ)ရခိုင်ဒေသအခေါ် အဖျိုင်းလုပ်ငန်းသည်လည်း ရေထွက်ပစ္စည်းပေါများသော ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်ပေသည်။ အဖျိုင်းဆိုသည်မှာ ငါး၏ဝမ်းဗိုက်ထဲတွင်ပါရှိသော အင်္ဂါအစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။ ငါးအများစုတွင် ငါးစည်ဖောင်း(ဝါ) အဖျိုင်းပါရှိသော်လည်း အဓိကစီးပွားရေးအရောင်းအဝယ်ဖြစ်သော ငါးစည်ဖောင်းများမှာ (၁)ငါးရွှေ(ဝါ)ရခိုင်ဒေသအခေါ် သဘော်ာထိုးမှရသောငါးစည်ဖောင်း၊ (၂)ကသမြင် (ဝါ)ရခိုင်ဒေသအခေါ် ဆာဖာမှရသော ငါးစည်ဖောင်း၊ (၃) ကကတစ်(ဝါ)ငါးသတစ်မှရသော ငါးစည်ဖောင်းတို့ ဖြစ်ပါသည်။ ငါးစည်ဖောင်းပြုလုပ်ပုံမှာ ငါးဝမ်းဗိုက်ထဲမှရသော ငါးစည်ဖောင်းကို ရောင်းတမ်းဝင် ငါးစည်ဖောင်းဖြစ်ရန်အတွက် ဗိုက်ခွဲ၊ နေလှန်း၊ ပုံလောင်း စသော အဆင့်သုံးဆင့် ပြုလုပ်ရပါသည်။

ငါးရွှေ(ဝါ)သဘော်ာထိုးငါးစည်ဖောင်း ဝယ်ယူမှုတွင် အဆင့်သုံးဆင့် ခွဲခြားဝယ်ယူသကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုတွင်လည်း အကြီး၊ အငယ်၊ အလတ် ဟူ၍ Size သုံးမျိုး ခွဲခြားရောင်းချကြပါသည်။ ရခိုင်ပြည်နယ်တွင် အချိန်အခါမရွေး သား၊ ငါး၊ ပုစွန်ပေါများသော်လည်း ငါးရွှေ(ခေါ်) သဘော်ာထိုးများမှာ စက်တင်ဘာလမှစ၍ ဖေဖော်ဝါရီလအထိသာ လှိုင်လှိုင်ပေါ်တတ်ပြီး ငါးစည်ဖောင်းများလည်း အများအပြား ဝယ်ယူရရှိတတ်ကြပါသည်။ ဝယ်ယူမှုတွင် ငါးစည်ဖောင်းတစ်ခု လက်မ ၂၀ နှင့် အထက်ဆိုလျှင် Size ကြီးဟူ၍ သတ်မှတ်ပြီး ၁၀ လက်မမှ ၁၁ လက်မထိကို Size လတ်ဟူ၍လည်းကောင်း၊ ၁၀လက်မအောက်ကို Size သေးဟူ၍လည်းကောင်း သတ်မှတ်ဝယ်ယူကြပါသည်။ ငါးရွှေ(ဝါ) သဘော်ာထိုးငါးစည်ဖောင်း တစ်ပိဿာတွင် Size ကြီးဆိုပါက အချောင်း ၄၀ မှ ၅၀၊ Size လတ်ဆိုပါက အချောင်း ၁၃၀ မှ ၁၄၀ ထိပါတတ်ပြီး Size ငယ်များမှာ အချောင်း ၂၀၀ မှ ၃၀၀ ထိပါတတ်ပေသည်။ ရောင်းဈေးမှာ အကြီးတစ်ပိဿာလျှင် ငွေကျပ်တစ်သိန်း ရှစ်သောင်းမှ နှစ်သိန်း နှစ်သောင်း၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ရှစ်သောင်းမှ တစ်သိန်းကြား၊ အသေးတစ်ပိဿာလျှင် ငွေကျပ် လေးသောင်းမှငါးသောင်းထိ ရောင်းချကြပါသည်။ ကုန်စည်စီးဆင်းရာ လမ်းကြောင်းမှာ ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များသည် စစ်တွေမြို့နယ်တွင် အခြေခံပြီး စစ်တွေမှတစ်ဆင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံတို့မှ ပြည်ပသို့ ရောင်းချကြပါသည်။

ကသမြင်(ဝါ)ရခိုင်အခေါ် ဆာဖာမှာလည်း စက်တင်ဘာလမှ ဖေဖော်ဝါရီလထိ ပိုမိုဝယ်ယူရရှိတတ်ကြသည်။ ကသမြင်ငါးစည်ဖောင်း ဝယ်ယူမှုတွင် အဖိုမှရသော ငါးစည်ဖောင်း၊ အမမှရသော ငါးစည်ဖောင်းဟူ၍ ခွဲခြားဝယ်ယူသကဲ့သို့ ကသမြင်ငါးပင်ဖြစ်သော်လည်း ကသမြင်အသေးမှရသော ငါးစည်ဖောင်းဟူ၍ ခွဲခြားဝယ်ယူကြပါသည်။ ကသမြင်အဖိုမှ ရရှိသောငါးစည်ဖောင်းမှာ ငါးစည်ဖောင်းတစ်ချောင်း ၁၀ကျပ်သား အထက်ဆိုလျှင် တစ်ချောင်း ကိုးသောင်းကျပ်၊ တစ်ပိဿာ ကိုးသိန်းမှ ၁၂ သိန်းကြားရှိပြီး အမမှရရှိသော ငါးစည်ဖောင်းတစ်ချောင်း ၁၀ကျပ်သား အထက်ဆိုလျှင် ခြောက်သောင်းမှ ခြောက်သောင်းခွဲ၊ တစ်ပိဿာ ကျပ်ခြောက်သိန်းငါးသောင်း၊ ငါးအသေးမှရရှိသော ၅/၆/၇ ကျပ်သားဆိုလျှင် တစ်ပိဿာ ကျပ်လေးသိန်းထိ ဈေးရရှိပါသည်။

ကကတစ်(ဝါ)ရခိုင် ဒေသအခေါ် ငါးသတစ်မှရရှိသော ငါးစည်ဖောင်း ဝယ်ယူမှုမှာ ငါးစည်ဖောင်း တစ်ချောင်း ငါးကျပ်သားအထက်ဆိုလျှင် တစ်ပိဿာကျပ်နှစ်သိန်း၊ ငါးစည်ဖောင်းတစ်ချောင်း သုံးကျပ်သား၊ လေးကျပ်သားစီရှိသော ငါးစည်ဖောင်း တစ်ပိဿာလျှင် တစ်သိန်းလေးသောင်း၊ တစ်ကျပ်သား၊ နှစ်ကျပ်သားရှိသော ငါးစည်ဖောင်း တစ်ပိဿာလျှင် ကျပ်ငါးသောင်းထိ ဈေးရှိပါသည်။

ငါးစည်ဖောင်းဒိုင်များသည် ယခုအခါ အမှာရှိသလောက် ငါးစည်ဖောင်းများကို အဓိကထား ဝယ်ယူရောင်းချနေကြကြောင်း ငါးစည်ဖောင်းဈေးကွက်အား လေ့လာသုံးသပ်ရေးသားလိုက်ပါသည်။ ။



ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်နေသည့် ငါးစည်ဖောင်းများကို တွေ့ရစဉ်။



ဈေးကွက်ဝင် တန်ဖိုးရှိ ငါးစည်ဖောင်း။

❍ **ဗီတာမင်စီမှ**

များသောအားဖြင့် အကိုက်အခဲ ပျောက်ဆေးများကိုပေး၍ ကုသရသည်။

အချို့သော အစားအသောက်များ စားသုံးပါက ဂေါက်ရောဂါကို တိုး၍ဆိုးရွားစေတတ်သည်ဆိုသော အချက်ကို ဆရာဝန်များကသိထားကြသည်။ ထိုအစားအစာများတွင် အသားများ၊ ပင်လယ်စာများ၊ အရက်၊ ဘီယာစသည်တို့ပါဝင်သည်။ ယင်းတို့ကို စားသုံးခြင်းဖြင့် သွေးအတွင်း၌ ယူရစ်အက်စစ်ဓာတ်ကို မြင့်တက်စေနိုင်သည်။ သွေးထဲ၌ ယူရစ်အက်စစ်ဓာတ်လွန်ကဲလျှင် လူသား၏ အဆစ်အမြစ်နေရာများတွင် ထိုအက်စစ်ပုံဆောင်ခဲများ ဖြစ်ပေါ်လာစေသည်။ ထိုပုံဆောင်ခဲများကြောင့် ရောင်ရမ်းမှုဝေဒနာကို ဖြစ်ပေါ်စေပြီး အဆစ်အမြစ်များနာကျင်ရခြင်းဖြစ်သည်ဟု ဆိုသည်။

လူပေါင်း ၄၇၀၀၀ ခန့်တို့အား အနှစ် ၂၀ ကြာအောင် စောင့်ကြည့်လေ့လာရာမှ အထက်ပါတွေ့ရှိချက်ကို တွေ့ရှိလာခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များမှာ များသောအားဖြင့် အသက် ၄၀ မှ ၇၅ နှစ်အရွယ်ရှိ ဆေးပညာလောကမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ စသည့် ပုဂ္ဂိုလ်များဖြစ်သည်။

ဤလေ့လာမှုကို ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့ ဗြိတိသျှကိုလံဘီယာ တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ ဟားဗတ်ဆေးတက္ကသိုလ်တို့မှပညာရှင်များက လေ့လာသုတေသနပြုရာမှ တွေ့ရှိခြင်းဖြစ်သည်။

ယင်းတို့၏ အဆိုအရ လူတစ်ဦးသည် ကိုယ်အလေးချိန်မများအောင် ထိန်းသိမ်းခြင်း၊ အသား၊ ပင်လယ်စာနှင့် အရက်ကိုတန်သင့်ရုံစားသုံးခြင်းအပြင် ဗီတာမင်စီဓာတ်များများပါဝင်သော ဟင်းသီးဟင်းရွက်နှင့် ဖြည့်စွက်စာ ဗီတာမင်စီတို့ကို တစ်ရက်လျှင် မီလီဂရမ် ၁၀၀၀ ထက်မနည်းစားသုံးခြင်းဖြင့် ဂေါက်ရောဂါမှ ကင်းဝေးဖွယ်ရှိကြောင်း အကြံပြုထားသည်။

အင်တာနက်။

မန္တလေးအသင်းနှစ်ပတ်လည်အစည်းအဝေး ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် မတ် ၁၆

မန္တလေးအသင်း(ရန်ကုန်)(၃၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများ၊ အမျိုးသားစာပေဆု၊ ရုပ်ရှင်အကယ်ဒမီဆုရရှိသူများ၊ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၁၅ရက် နံနက် ၉ နာရီက အမှတ်(၆၂၈/၆၃၂) ကုန်သည်လမ်းနှင့် လမ်း(၃၀) (ပထမထပ်) ပန်းဘဲတန်းမြို့နယ် မန္တလေးအသင်းတိုက် ရတနာပုံအနုပညာခန်းမဆောင်ကြီး၌ ကျင်းပသည်။

ဆက်လက်၍ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ အလှူငွေကျပ် ၁၀ သိန်းကို ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)က ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)** နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ အမျိုးသားစာပေဆုရရှိသူများ၊ ရုပ်ရှင်အကယ်ဒမီဆုရရှိသူများ၊ ပညာရည်ချွန်ဂုဏ်ထူးရရှိသူများအား အသင်းဂုဏ်ထူးဆောင် နာယက ဦးကျော်ညွန့်၊ ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)၊ အသင်းဥက္ကဋ္ဌ ဦးမြသောင်းနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။ ဆုရရှိသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မယသော်ဒီဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စေတနာရှင်၊ အလှူရှင်များက မန္တလေးအသင်းသို့ အလှူငွေပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

၂၀၀၇-၂၀၀၈ ခုနှစ် အမှုဆောင်ဟောင်းများနုတ်ထွက်ကြပြီး ဒုတိယပိုင်း အခမ်းအနား ဆက်လက်ကျင်းပရာ ၂၀၀၉-၂၀၁၀ပြည့်နှစ် မန္တလေးအသင်း (ရန်ကုန်)အမှုဆောင်အသစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဦးမြသောင်း၊ အတွင်းရေးမှူးဒေါ်မြင့်မြင့်စိန် တို့အပါအဝင် ၂၄ ဦး၊ အကျိုးဆောင်၊ စာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး(၂) ဦးတီတိုးက ရှေ့လုပ်ငန်းစဉ်များကို တင်ပြအတည်ပြုချက်ရယူပြီး ဥက္ကဋ္ဌအသစ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၅၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "စင်ကာပူ ရေနံဓာတုစက်ရုံ တည်ဆောက်ရေးအတွက် လုပ်သား ၃၀၀၀ ကျော် လိုအပ်ပြီး သွားရောက်လုပ်ကိုင်လိုသူများအတွက် နှစ်နှစ်အတွင်း အလုပ်မပြုတ်ရန် အာမခံချက်အပြည့်ရှိဟုဆို၊ သစ်ခွမျိုးစုံ တစ်ထောင်ကျော် ပါဝင်သည့် မြန်မာ့ပထမဆုံး သစ်ခွပန်းပြပွဲကြီးကို အင်းလေးကန်၌ ပြသခဲ့၊ ငွေဆောင်ဆင်စခန်းက ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)ကို မြန်မာ့ပထမဆုံး နိုင်ငံတကာအဆင့်မီ ဖူဆယ်ဘောလုံးကွင်းအဖြစ် တည်ဆောက်ပြုပြင်မည်၊ မြန်မာနိုင်ငံရှိ မြို့ကြီးအားလုံး၏ အသေးစိတ် မြေပုံများပါသော GPS ကို မကြာမီ အသုံးပြုနိုင်တော့မည်၊ မြန်မာ့ပထမဆုံး အိမ်၊ ခြံ၊ မြေ၊ ကား အကျိုးဆောင် ဝက်ဘ်ဆိုက်လွှင့်တင်ပြီ၊ ၂၀ ရာစုအတွင်း ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ကိုးကြိမ်ဖြစ်ပေါ်ခဲ့၊ မြန်မာ့အကြီးဆုံး မြေဖုတ်ပန်းချီကား ငွေဆောင်ဟိုတယ်တစ်ခုတွင် ထားရှိ၊ သန်လျင်မြို့ ကျိုက်ဗောဓိစေတီတော် ရောင်ခြည်တော်လွှတ်၊ ဧရာမ သဲမုန်တိုင်းကြီးကြောင့် ဆော်ဒီအာရေဗျမြို့တော်တစ်မြို့လုံး သဲများဖုံးလွှမ်းခဲ့၊ သွေးစုပ်ငါးမျိုးစိတ်ကို မြန်မာနိုင်ငံမြောက်ပိုင်း စမ်းချောင်းတစ်ခု၌ တွေ့ရှိဟုဆို၊ မျက်ကပ်မှန်အဖြစ် ဝတ်ထား၍ရသော ဗီဒီယိုကင်မရာ တီထွင်၊ ဗြိတိန်မှ အမြင့်ဆုံး စာပေဆုနှစ်ဆု၏ ဆန်ခါတင်စာရင်းများတွင် အိုဘားမားရေးသားသည့် စာအုပ်နှစ်အုပ်ပါဝင်နေ၊ ပင်လယ်ရေမျက်နှာပြင်သည် ယခင်ခန့်မှန်းထားသည်ထက် ပို၍မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ပညာရှင်တို့က သတိပေး၊ ဖခင်၏ လက်ထပ်လက်စွပ် လက်ကောက်ဝတ်တွင် စွပ်၍ရအောင် သေးငယ်လွန်းသည့် မွေးစကလေး ဆေးရုံမှဆင်းပြီ၊ ဟိုင်နန်ကျွန်းအနီးမှ တရုတ်-အမေရိကန် အငြင်းပွားမှု၏ နောက်ဆက်တွဲ၊ ကော်ဖီအရသာ ခွဲခြားနိုင်သူ၏ လျှာကို ဒေါ်လာ ၁၅ သန်းတန် အာမခံပေး၊ အသက် ၈၀အရွယ် ဘွားဘွားမော်ဒယ်လ်၊ ဂျပန်က မြောက်ကိုရီးယားဒုံးပျံကို ပစ်ချနိုင်သည်ဟု သတိပေး၊ ဧရာမသံချောင်းကြီး ကိုယ်ထဲထုတ်ချင်းပေါက်ဝင်ရောက်သွားသော်လည်း ခြောက်နှစ်သားလေး အသက်မသေ၊ အာကာသအတွင်း အရှိန်ပြင်းစွာ ဦးတည်လာသည့် အပျက်အစီးများကြောင့် အာကာသယာဉ်မှူးသုံးဦး အရေးပေါ်ယာဉ်အတွင်းသို့ ဝင်ရောက်ခိုလှုံခဲ့ရ၊ ဘင်္ဂလားဒေ့ရှ်၏ အကြီးဆုံးကုန်တိုက်ကြီး မီးလောင်၍ အနည်းဆုံး ခုနစ်ဦးသေဆုံး" အပါအဝင်. . . စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် (အင်္ဂါနေ့)တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဏာမ လက်ရွေးစင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ၂၀၀၉ ခုနှစ် နွေရာသီအားကစားသင်တန်းများ သင်ကြားနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး သင်တန်းသားကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် လာအိုနိုင်ငံ၌ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့မှ ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၆

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁၃) ဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၁၃) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကား ပြောကြား

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား၊ သင်တန်းသူ ၄၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၆

ကျောက်တန်းမြို့နယ် အသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဧပြီ ၅ ရက် (၁၃၇၀ ပြည့်နှစ် တန်ခူးလဆန်း ၁၁ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၈ ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်များ၏ သား၊ သမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်း စာမေးပွဲ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ကျောင်းသား၊ ကျောင်းသူများသည် မတ် ၂၇ ရက် နောက်ဆုံးထား၍ ဂုဏ်ထူးဆောင် နာယက ဦးစိန်ထွန်းအောင် ဖုန်း- ၅၄၅၇၀၃၊ နာယက ဦးမြင့်စိန် ဖုန်း- ၂၉၀၇၇၃၊ ဥက္ကဋ္ဌ ဦးသင်းမောင် ဖုန်း-၆၅၂၀၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း- ၀၅၆-၂၅၁၂၅၊ အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း- ၂၉၈၃၄၉၊ တွဲဖက်အတွင်းရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်စီ ဖုန်း-၅၄၅၆၉၉၊ တွဲဖက်အတွင်းရေးမှူး ဦးရဲထွဋ်ဖုန်း-၅၄၀၃၈၅၊ ဦးဝေလွင် ဖုန်း- ၅၄၈၁၁၃ တို့သို့ အထောက်အထားအပြည့်အစုံဖြင့် စာရင်းပေးပို့ဆက်သွယ်ကြရန်နှင့် အလှူငွေ လှူဒါန်းလိုသူများလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Chinnery Assets Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်၊ AD-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ISKATEL-5 ဖြင့် မတ် ၂၃ရက်မှ ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point-A တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၉ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၁၀ စက္ကန့်၊ Point-B တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၂ မိနစ် ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၃၅ စက္ကန့်၊ Point-C တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၂ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၁၀ စက္ကန့်၊ Point-D တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၇ မိနစ် ၃၀ စက္ကန့်၊ Point-E တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၈ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၇ မိနစ် ၃၀ စက္ကန့်နှင့် Point-F တွင် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်တို့ အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ISKATEL-5 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ဥတုရာသီ
တောကိုမိုး၏

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မျိုးပွားကျန်းမာရေး သိလိုရာမေး အစီအစဉ် စတင်မည်

ရန်ကုန် မတ် ၁၆

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ကြီးမှူး၍ မျိုးပွားကျန်းမာရေးနှင့်ပတ်သက်ပြီး သိရှိလိုသည်တို့အား သီးသန့်တယ်လီဖုန်းလိုင်းဖြင့် ဆက်သွယ်မေးမြန်း ဆွေးနွေးနိုင်သည့် ပညာပေးအစီအစဉ်ကို မတ် ၂၃ ရက်မှစတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မေးမြန်းဆွေးနွေးလိုသူများသည် ဖုန်း-၀၁-၃၇၅၅၆၅သို့ ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Self-Branding ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၁၆

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူးကျင်းပတဲ့ Self-Branding အကြောင်း ဟောပြောဆွေးနွေးပွဲကို မတ် ၁၄ ရက်က မန္တလေးမြို့ရှိ Hotel Mandalay ၌ ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဟောပြောဆွေးနွေးပြီး မန္တလေးမြို့ရှိ CEO မဂ္ဂဇင်းဖတ်ရှုသူ ပရိသတ်များ၊ ကုမ္ပဏီလုပ်ငန်းအသီးသီးမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပံ့ပိုးကူညီ

ဟောပြောဆွေးနွေးပွဲကို မင်းကြီးကြိုက် လုံချည်က ပံ့ပိုးကူညီပြီး အောင်သမာဓိရွှေဆိုင်၊ မြတ်မန္တလာထွန်းအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး၊ Sweety Home တို့ကလည်း ပံ့ပိုးကူညီခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသည့် လုံးချင်းစာအုပ်များကို ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးခဲ့သည်။ ဆွေးနွေးပွဲသည် CEO မဂ္ဂဇင်း မန္တလေးမြို့၌ ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

တရားမ အထူးအယူခံမှုများ ကြားနာ

နေပြည်တော် မတ် ၁၆

တရားရုံးချုပ် (နေပြည်တော်) ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် (မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးမြင့်အောင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အသက်ရှည်စေချင်ပါတယ်"တရားတော် [အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)]
၈း၀၀ - ၂း၀၀	ငြိမ်းချမ်းမြေမှရတနာလာဘမုနိဆုတောင်းပြည့်မြွေဘုရား
၈း၁၅ - ၂း၁၅	Sunday Talk
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	မေတ္တာကိုအခြေပြုလို့ အလင်းလှူတဲ့ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း-၂)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	Yangon Panorama (Tip Top Lubricant ကုန်ပစ္စည်းမိတ်ဆက်ပွဲ)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	ဖွံ့ဖြိုးဝေစည်ရေတာရှည်
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	ပန်းကလေးများသဖွယ်နုနုနယ်နယ်အရွယ်
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ငှက်ပျောကြော်နှင့်တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅	စိုက်ပျိုးရေးသမားများအတွက် သတင်းကောင်း
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၂း၂၅ - ၆း၂၅	Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင်-ရင်ဂို)
၁၂း၄၅ - ၆း၄၅	ဂုဏ်ယူဆင်နွှဲ Yangon Golf Club ၏ရာပြည့်ပွဲ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Arsenal - Hull City	STAR SPORTS (Live)

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၈ ရက်က ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း နွေရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၇၄-၇၈ ခုနှစ် ကျောင်းသားကျောင်းသူများတွေ့ဆုံပွဲ

ရန်ကုန် မတ် ၁၆

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) ၁၉၇၄-၇၈ခုနှစ်ကျောင်းသား၊ ကျောင်းသူများ၏ တွေ့ဆုံပွဲကို မတ် ၂၈ရက် ညနေ ၆နာရီတွင်ရန်ကုန်မြို့လမ်းမတော်ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Restaurant တွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအားလုံး အမှုဆောင်များထံ ဆက်သွယ်ကြပါရန်နှင့်တက်ရောက်ကြပါရန်ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရိုးရာထမနဲပွဲ တနင်္သာရီတိုင်း၌ ကျင်းပ

ရန်ကုန် မတ် ၁၆

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာထမနဲပွဲကို ဖေဖော်ဝါရီ ၈ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ရုံးဝင်း၌ ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းငွေ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်တို့က ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာထမနဲပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရေဦး မတ် ၅

ရေဦး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းမြင့် ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစန်းဦးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၅ ရက်က ရေဦးမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်သရုပ်ပြဇာတ်တိုက် လေ့ကျင့်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ဝန်ထမ်းများ စုပေါင်းသွေးလှူ

အမရပူရ မတ် ၆

အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ဝန်ထမ်း ၁၅၀ တို့ စုပေါင်း သွေးလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က မြန်မာ့မီးရထား(သီးသန့်) မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းရာတွင် မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ် တာဝန်ခံ၊ ရောဂါဗေဒဌာနမှုဆရာဝန်ကြီးဒေါက်တာ ဒေါ်ခင်စိန်ဝင်းနှင့်လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်ခင်ထွေးလှိုင်တို့က ကြီးကြပ်ဆောင်ရွက်၍ သူနာပြုများနှင့် ဓာတ်ခွဲဝန်ထမ်းများက ဝန်ထမ်းတစ်ဦးချင်းစီအလိုက်သွေးအမျိုးအစားများခွဲခြားကာစနစ်တကျ သွေးဖောက်ထုတ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) ထို့နောက်အထွေထွေ မန်နေဂျာဦးအောင်ဝင်းကဖောက်ထုတ်ပြီး သွေးအိတ်များကို ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းနှင့်လက်ထောက်ဆရာဝန် ဒေါ်ခင်ထွေးလှိုင်တို့ထံပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြုလွှာနှင့် အမှတ်တရဒိုင်းကို ပြန်လည်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၄၃၃)

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးဆွေးနွေး

ဟသ်ာတ မတ် ၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဟသ်ာတခရိုင်ဦးစီးမှူး ဦးအုန်းရွှေနှင့်အဖွဲ့သည် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစောမြင့်လွင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ ခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီတို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဟသ်ာတမြို့အဝင်ဂိတ်၌ ဟသ်ာတ-ရန်ကုန် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များအား ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်နှင့်လုပ်ငန်းလိုင်စင်များ ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်ရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့နည်းပပျောက်စေရေး ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

(ကုန်းလမ်းပို့ဆောင်ရေး)

အင်းတော်မြို့၌ ကားဝရိန်ဆော်ရာမှ မီးလောင်မှု ဖြစ်ပွား

အင်းတော် မတ် ၆

စစ်ကိုင်းတိုင်း အင်းတော်မြို့ရှိ ဝပ်ရှော့တစ်ခု၌ ဇန်နဝါရီ ၁၁ ရက်က စက်သုံးဆီပေပါခွံများ တင်ဆောင်ထားသောကားအား ဝရိန်ဆော်ရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဦးကျော် လမ်းနှင့် ဗန်းမောက် ကားလမ်းဆုံအနီးရှိ ဦးထွန်းထွန်း၏ ဝပ်ရှော့၌ ဖားကန့်သို့ စက်သုံးဆီများပို့ပြီး ပြန်လာသည့် ဆီပေပါခွံများ တင်ဆောင်ထားသော နီဆန်းအမျိုးအစား ဆယ်ဘီးကား၏ ဖရိန်နှင့်ဘော်ဒီအကြား ကြမ်းခင်းပြားများအား ဝရိန်ဆော်ရာမှ ကားမီးလောင်မှု ဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်လျှင်လောင်ချင်း အဆိုပါကားအား အင်းတော်မြို့မှ ဗန်းမောက် အထွက်လမ်း လေးဖာလုံခန့်အကွာရှိ လက်ပံကုန်း-အင်းရှာချောင်းအတွင်းသို့ မောင်းချပြီး လက်ပံကုန်း-အင်းရှာမှ ပြည်သူ ၅၀ခန့်ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်နိုင်သည့်အတွက် ကားအောက်ပိုင်းရှိ ဝါယာလိုင်းကြိုးများသာမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ (၂၃၃)

ယာဉ်မတော်တဆမှုများပပျောက်ရေး ရှောင်တခင် စစ်ဆေး

စစ်ကိုင်း မတ် ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန စစ်ကိုင်း ခရိုင်ဦးစီးမှူး ဦးမြသန်း၊ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဝင်းနှင့် စစ်ကိုင်းမြို့နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီတို့ပူးပေါင်း၍ ဇန်နဝါရီ၃၀ရက်က စစ်ကိုင်းမြို့အဝင် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာအဝေးပြေးလမ်းမပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့်ယာဉ်များနှင့် ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိမရှိ၊ သတ်မှတ်ယာဉ်မောင်း လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိမရှိ၊ လုပ်ငန်းလိုင်စင် ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိတို့အား ရှောင်တခင် စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

မိတ္ထီလာ မတ် ၅

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်း(၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် မိတ္ထီလာစက်မှုဇုန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဦး၊ ခရိုင်မီးသတ် ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမင်းစမ်းအေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီ၊ စက်မှုဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ စက်ရုံလုပ်ငန်းပိုင်ရှင်များ၊ ရပ်မိရပ်ဖများ၊ စက်ရုံအလုပ်ရုံများမှ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမင်းစမ်းအေးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အကြိုအခြေခံမီးသတ်သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်တန်း ဖွင့်လှစ်ပို့ချကြောင်း သိရှိရသည်။

(၀၇၈)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဖေဖော်ဝါရီ ၂၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၆။ ရင်သွေးအတွက် သတိတစ်ချက်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀ ၁၆။ ရသစုံ လင်ရုပ်မြင် ဇာတ်လမ်း - ကျွန်တော့် ချစ်သူ (အပိုင်း-၁၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ မွေးမြူသတ
၂၁။ ဗွီစီဒီကျော်ကြား တေးများ
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း - အမှန်တရားရဲ့ ဘက်တော်သား (အပိုင်း-၄)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် မကွေးတိုင်း ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး

မကွေး မတ် ၁၀

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မတ် ၆ရက် မွန်းလွဲ ၂ နာရီခွဲတွင် မကွေးမြို့ မကွေးတိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများနှင့်တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တက်ရောက်လာကြသော တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို အသေးစိတ် မှာကြားခဲ့ပြီး မကွေးတိုင်း ခရိုင်နှင့်မြို့နယ်ဥပဒေရုံး အဆောက်အအုံများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(တိုင်းပြန်/ဆက်)

ပေးအပ်ချီးမြှင့်

ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ မတ် ၁၄ ရက်က သုဓမ္မမဏိဇောတဓရ ဘွဲ့ရ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူအား နာယက ဦးမင်းကြည် ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။

(ကြေးမုံ)

၁၉၈၅-၁၉၈၆-၁၉၈၇စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

၁၉၈၅- ၁၉၈၆-၁၉၈၇ (စက်မှုအင်ဂျင်နီယာ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဧပြီ ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် M.E.S ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးစိုးသန်း ဖုန်း - ၀၉၅၁၄၇၈၂၈၊ ဦးနွဲ့ဝင်း ဖုန်း-၀၉၅၀၁၀၃၉၇၊ ဒေါ်သီတာဦး ဖုန်း-၀၉၅၀၀၂၆၆၈၊ ဦးတင်ဦး ဖုန်း-၀၉၅၀၀၈၉၂၃၊ ဦးစိန်သောင်း ဖုန်း-၀၉၅၀၁၃၀၅၇၊ ဒေါ်ကြည်ကြည်ပြုံး ဖုန်း-၀၉၅၁၃၆၈၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာပီဂျီအေက ကြီးမှူး၍ Air Bagan Ltd. က အဓိက ကူညီပံ့ပိုးကာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Mr. Jitisak Tamprasert (Rules Official from the Asian Tour)၊ ပန်းလှိုင်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးတေဇက အမှာစကားပြောကြားပြီး Hole-In-One ဆုရရှိသော Professional Golfer စိုးကျော်နိုင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍SPA Group ဒါရိုက်တာ ဦးကျော်ပိုင်က Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၉၀ ဖြင့် Amateur အဆင့်တွင် ပထမရရှိသွားသော နေဗလဝင်းမြင့်အား Top Amateur Player ဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Myanmar Masters 2009 Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် တတိယရရှိသော Stewart Ginn (Australia)၊ စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် ဒုတိယရရှိသော Airil Rizman Zahari (Malaysia)နှင့် စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်အား တံခွန်စိုက် Myanamr Masters Trophy ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် Air Bagan Ltd. က ချီးမြှင့်သော အထူးဆုကြေး ဒေါ်လာ ၅၀၀၀ ကို မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Myanmar Masters 2009 Professional Golfers Champion စိုးကျော်နိုင်အား ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co., Ltd., KBZ Bank, Pun Hlaing Golf Club, Aureum Palace Hotel, Myanmar Treasure Resort Hotel, CEPSA (Lubricants), KM Golf Centre နှင့် Srixon, Alpine Purified Drinking Water တို့က ထပ်မံပံ့ပိုးကူညီကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပီဂျေအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇ Myanmar Masters 2009 Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(ဂေါက်သီးအဖွဲ့ချုပ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၆

ဆိုမာလီပင်လယ်ဓားပြလက်မှ လွတ်မြောက်ခဲ့သူ မြန်မာသင်္ဘောသား ကုန်းပတ်မှူး ဦးထွန်းထွန်းနှင့်တွေ့ဆုံခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ကြေးခေတ်နှင့် သံခေတ် အထောက်အထားများတွေ့ရှိ၊ ဒုက္ခပင်လယ်ဝေနေတဲ့ မလေးရှားရောက်အမျိုးသမီး အလုပ်သမားများ၊ မြန်မာ-အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်း၊ JICA က ရန်ကုန်မြို့တွင်ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ အကူအညီပေးသွားမည်၊ ရဲယို Cosmetic ဆပ်ပြာ အာရှနိုင်ငံများမှ အမှာရ၊ ခန္ဓာကိုယ်ကို သံချောင်းထုတ်ချင်းပေါက် စိုက်ဝင်ခဲ့သော်လည်း ကံကောင်းလို့ အသက်မသေတဲ့ ကလေးငယ်၊ မတ် ၂၁ ရက် မျှော်စင်ကျွန်းမှာ ဖျော်ဖြေမယ့် Iron Cross၊ စိုင်းစိုင်းခမ်းလှိုင် အင်္ဂလန်နိုင်ငံသို့ခရီးထွက်ခွာ၊ နေစွမ်းအားသုံးမီးအိမ်များ အိန္ဒိယက မြန်မာသို့ပေးအပ်၊ ငွေဆောင်ဆင်စခန်းသို့ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသွားများစတင် စိတ်ဝင်စားလာပြီ၊ ရန်ကုန်မြစ်အတွင်း ကူးတို့သမ္ဗန်နစ်မြုပ်မှုဖြစ်ပွား၊ စင်ကာပူအမျိုးသမီးများနှင့် ဘိန်းဖြူခိုးထုတ်ခြင်း၊ ဆိုးဆေးပါတဲ့ လက်ဖက်အန္တရာယ်ရှိတယ်လို့ဆိုတာတောင်မှ ရောင်းတဲ့သူကရောင်းဝယ်စားတဲ့သူကဝယ်စားတုန်း၊ စင်ကာပူမှာကျောင်းထားမှာလား၊ ကနေဒါနိုင်ငံသား သတ်ဖြတ်မှုနှင့် ထိုင်းကြေးစားလူသတ်သမားအား ဖမ်းဆီး၊ ဖူးစာရှင်အစစ်အမှန်မတွေ့သေးပါဘူးဆိုတဲ့ နေတိုး၊ မြဝတီ-မဲဆောက် ကုန်သွယ်ရေးပုံမှန်အတိုင်းရှိ၊ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ရွှေဖရုံသီးတင်ပို့ခဲ့၊ လေစွမ်းအားမှ လျှပ်စစ်ထုတ်လုပ်ရန် မြန်မာနှင့်ထိုင်း ပူးပေါင်းဆောင်ရွက်မည်၊ စင်ကာပူနိုင်ငံမှ ပုဂ္ဂလိကစာသင်ကျောင်းနှစ်ကျောင်း ပိတ်သိမ်းလိုက်သည့်အတွက် ဒုက္ခရောက်ခဲ့ရတဲ့ ကျောင်းသားများ၊ အထောက်အထားခိုင်မာစွာ ပြသလျှောက်ထားပါက မိကျောင်းများရောင်းချပေးမည်၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ လမ်းများအဆင့်မြင့်မှု ၂၀၁၀အမီပြီးစီး၊ အီရန်ကိုအနိုင်ယူရန် အမေရိကန်က အသုံးချလိုက်သည့် ရုရှားအနိုင်ဖဲ၊ မြောက်ကိုရီးယားဒုံးကျည်များအား ဂျပန်ကပစ်ချနိုင်ဟုဆို စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

ထားဝယ်ခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းများ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် မတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက်နှစ်ပတ်လည်နေ့၌ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီတွင် ထားဝယ်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ဝန်ကြီး၏ မှာကြားချက်များဖြစ်သည့် ၂၀၀၉-၂၀၁၀ ပြည့်နှစ် ရည်မှန်းချက်တာဝန်များ၊ဦးစီးဌာနအတွက် ချမှတ်ပေးထားသော လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရှင်သန်ခိုင်မာရေး၊ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာဖတ်သူတိုးပွားရေး၊ စာငှားစနစ်နှင့် စာငှားကတ်ကျင့်သုံးရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စသည်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြပြီး တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဆုရရှိသည့် သရက်ချောင်းမြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းအားလည်းကောင်း၊ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုး ဆက်လက်ရွာနိုင်

ရန်ကုန် မတ် ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** သာယာဝတီမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နမ့်စန်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ကော့သောင်းမြို့တွင် သုည ဒသမ ၃၆ လက်မ၊ ဟသ်ာတမြို့တွင် သုည ဒသမ ၂၄လက်မ၊ မိုင်းဆက်မြို့နှင့်ကျိုက္ခမီမြို့တို့တွင် သုည ဒသမ ၁၂ လက်မစီနှင့် တောင်ကြီးမြို့တွင် သုည ဒသမ ၀၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၁၇ ရက် ညနေထိ ခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဘောလုံးဒိုင်လူကြီးများ မှတ်ပုံတင်

ရန်ကုန် မတ် ၁၆

၂၀၀၉ - ၂၀၁၀ ခုနှစ် ဘောလုံးရာသီ ပြည်တွင်းဘောလုံးပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးဒိုင်လူကြီးများအားလုံး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီတွင် မှတ်ပုံတင်ကြရမည်ဖြစ်သည်။ ဘောလုံးဒိုင်လူကြီးများအနေဖြင့် ဧပြီ ၄ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပညာပေး ဟောပြော

မတ် ၁၅ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ မှုခင်းပညာပေး ဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃) အထက(ထီးတန်း)၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိန်ထွန်း မှုခင်းပညာပေးဟောပြောစဉ်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး၌ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို မတ် ၇ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦး၊ မြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမောင်မျိုးတို့ ဦးဆောင်၍ ဈေး၊ ရပ်ကွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာအားကစားသတင်းများ

ဒေးဗစ်ဘက်ခမ်း အထူးအခမ်းအနားဖြင့် ဂုဏ်ပြုခံရဖွယ်ရှိ

လန်ဒန် မတ် ၁၆

လက်ရှိ အေစီမီလန်အသင်းတွင် ကစားနေသည့် ဒေးဗစ်ဘက်ခမ်းသည် ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အင်္ဂလန်အသင်းတွင် ရွေးချယ်ခံရရန် အလားအလာရှိနေသည်။ ထိုသို့ လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရပါက ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပွဲအများဆုံးကစားခွင့်ရရှိသူအဖြစ် စံချိန်တင်နိုင်မည်ဖြစ်ပြီး ၎င်းအား အထူးအခမ်းအနားဖြင့် ဂုဏ်ပြုသွားရန် ကမ္ဘာ့ဖလားပြိုင်ပွဲအာဏာပိုင်အဖွဲ့အစည်းက စီစဉ်ထားကြောင်း အင်တာနက်သတင်းအရသိရသည်။ ထိုသို့ဂုဏ်ပြုပွဲကို တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားအနေဖြင့် အိမ်ရှင်အဖြစ်လက်ခံပြုလုပ်လိုခြင်းရှိ၊ မရှိမေးမြန်းသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အာဏာပိုင်အဖွဲ့အစည်း၏ အမှုဆောင်အရာရှိတစ်ဦးဖြစ်သူ ဒန်နီဂျော်ဒန်က ပြောကြားခဲ့ကြောင်းသိရသည်။

အင်တာနက်။



၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အင်္ဂလန်အသင်းတွင် ပြန်လည်ရွေးချယ်ခံရပါက အထူးအခမ်းအနားဖြင့် ဂုဏ်ပြုခံရဖွယ် ရှိနေသည့် ဒေးဗစ်ဘက်ခမ်း။

မိမိအသင်းတွင် မည်သည့်ဖိအားမျှမရှိတော့ကြောင်း ပြောကြားလိုက်သည့် အာဆင်နယ် နည်းပြ အာဆင်ဝင်းဂါး။

အာဆင်နယ်အသင်းတွင် ဖိအားမရှိတော့ကြောင်း နည်းပြဝင်းဂါး ပြောကြား

လန်ဒန် မတ် ၁၆

အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးက မိမိအနေနှင့်ရော အာဆင်နယ်အသင်းအနေနှင့်ပါ ယခုအချိန်တွင် မည်သည့် ဖိအားမျှမရှိတော့ကြောင်း ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၉)တွင် ဘလက်ဘန်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲအပြီးတွင် ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းသည် ယင်းပွဲတွင် အသင်းလိုက်ခြေစွမ်းပြကာ ကစားကွက်ကောင်းခဲ့သလို ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက အသစ်ခေါ်ယူ ထားသည့် ရုရှားလက်ရွေးစင် ကစားသမားဖြစ်သူ အာရှာဗင်မှာလည်း ခြေစွမ်းပြကာ နှစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယင်းပွဲအနိုင်ရရှိလိုက်ခြင်းကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ရမှတ် ၅၂ မှတ်ရရှိကာ ဗီလာနှင့်အမှတ်တူ စတုတ္ထနေရာသို့ တက်လာနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ချုံးထွက်ပြိုင်ပွဲတွင် ရိုးမားကိုကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ပြင် အက်ဖ်အေဖလားတွင်လည်း ဟူးလ်စီးတီးကို အနိုင်ရပါက ဆီမီးဖိုင်နယ်သို့တက်ရောက် နိုင်တော့မည်ဖြစ်သည်။ အာဆင်နယ်တွင် ဒဏ်ရာရကစားသမားအများအပြား ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကလည်း ဝင်းဂါးအတွက် အားတက်စရာတစ်ခု ဖြစ်လာခဲ့ရသည်။

အင်တာနက်။

သတင်းတိုများ

- **လီဗာပူးနည်းပြ ဘင်နီတက်ဇ်က မိမိအသင်းအနေဖြင့် တစ်ပတ်အတွင်း ဘောလုံးအင်အားကြီး အသင်းများဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် မန်ယူတို့ကို ဂိုးပြတ်များဖြင့် အနိုင်ရရှိခြင်းက လီဗာပူးအသင်းသည် မည်သည့်အသင်းကိုမဆို အချိန်မရွေး အနိုင်ယူနိုင်စွမ်း ရှိသည်ကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြား။**
- **ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ကလိုဆေးသည် ဘိုချန်အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ရရှိသော ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်။**
- **ချယ်လ်ဆီး နည်းပြသစ် ဟစ်ဒင့်က မန်စီးတီးအသင်းမှ ဘရာဇီး လက်ရွေးစင်ကစားသမား ရော်ဘင်ဟိုကို ချယ်လ်ဆီးသို့ ခေါ်ယူလိမ့်မည် မဟုတ်ကြောင်း ပြောကြား။**

ဝင်းတင်(ကြေးမုံ)

စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ပူးပေါင်း၍ "ဈေးကွက်ဝင် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး" အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များက စာတမ်းငါးစောင် တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး တက်ရောက်လာကြသူများကလည်း အုပ်စုလိုက် စာတမ်းများ ပြန်လည်တင်သွင်းဆွေးနွေးနိုင်ကြောင်းနှင့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း - ၀၁ -၂၁၄၃၄၄ မှ ၄၉ အထိသို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆောက်အအုံပုံစံငယ် ပြခန်း

မတ် ၁၄ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း ဧကောဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် Father Land Co., ၏ အဆောက်အအုံပုံစံငယ် ပြခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကုန်သည်/စက်မှု)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ Bulldozer နှင့် Excavator များ လွှဲပြောင်းပေးအပ်

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရှိန်အဟုန်ဖြင့် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကလှူဒါန်းသည့် **Bulldozer နှင့် Excavator များကို တွေ့ရစဉ်။** (သတင်းစဉ်)

ရန်ကုန် မတ် ၁၆

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားပြီးချိန်မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက မြန်မာနိုင်ငံ လေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးကာလတွင် စားသောက်ကုန် ၁၆ ဒသမ ၈၇ တန်ခန့်၊ လူသုံးကုန်တန် ၂၀ ခန့်၊ ဆောက်လုပ်ရေးပစ္စည်း ၁၇ တန်ခန့်၊ ဆေးဝါး ခြောက်တန်ခန့်နှင့် မိုးကာတဲ ၁၆၂၈ လုံးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဆေးဝါးအဖွဲ့ တစ်ဖွဲ့သည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူ ၄၁၉၉ ဦးတို့အား ဆေးဝါးကုသပေးခဲ့သည့်အပြင် မော်တော်ယာဉ်လေးစီးတို့ကိုလည်း လှူဒါန်းခဲ့သည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) **မှ သဘာဝတည်ငြိမ်လျှပ်စစ်** (Static Electricity) **တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

မီးသတ်ဦးစီးဌာန

အင် တာ နက် ကျန်း မာ ရေး သ တင်း

ပြန်ဆိုတင်ပြသူ- မောင်မောင်ဝ

ဗီတာမင်စီဓာတ်ပါ အသီးအရွက် များများစားသူ ဂေါက်ရောဂါကို အကာအကွယ်ပေးနိုင်ဖွယ်ရှိကြောင်း တွေ့ရှိ

လန်ဒန် မတ် ၁၆

လူတစ်ဦးသည် ဗီတာမင်စီဓာတ် အများအပြားစားသုံးခဲ့ပါက ပြင်းထန်စွာနာကျင်သည့် ဝေဒနာကို ဖြစ်ပေါ်စေတတ်သော ဂေါက်ရောဂါမှ အကာအကွယ်ရနိုင်ဖွယ်ရာရှိကြောင်း သုတေသီများက လေ့လာတွေ့ရှိသည်။ **(အောက်ပုံ)**

ပညာရှင်များက လေ့လာသောအခါ ဗီတာမင်စီဓာတ်ကြွယ်ဝသည့် အသီးနှင့် ဟင်းသီးဟင်းရွက်များများစားသူ သို့မဟုတ် ဗီတာမင်စီဓာတ် ဖြည့်စွက်စာ များများစားသုံးသူများတွင် ဂေါက်ရောဂါဖြစ်ပွားမှု နည်းပါးသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

ဂေါက်ရောဂါဆိုသည်မှာ အဆစ်အမြစ်များ ရောင်ရမ်းစေပြီး နာကျင်သောဝေဒနာကို ဖြစ်ပေါ်စေသည့် ရောဂါဖြစ်သည်။ များသောအားဖြင့် ခြေမကြီးတွင် အဖြစ်များပြီး လမ်းလျှောက်ရာ၌ အခက်အခဲဖြစ်ပေါ်စေသည်။ ထိုရောဂါသည် ဘဝတစ်လျှောက် တစ်ချိန်ချိန်တွင် လူတစ်ရာလျှင် တစ်ဦးအနည်းဆုံးခံစားရသော ရောဂါဖြစ်သည်။ ထို့ပြင် အမျိုးသမီးများတွင် ဖြစ်ပွားသည်ထက် အမျိုးသားများတွင် ပို၍အဖြစ်များသည်။

များသောအားဖြင့် အသက် (၄၀)ကျော် ယောက်ျားများတွင် အဖြစ်များသည်။ အထူးသဖြင့် ကိုယ်အလေးချိန်များသူများတွင် အတွေ့ရများသော ဝေဒနာဖြစ်သည်။ ဤနေရာတွင် ဆိုးရွားသည်မှာ ယင်းရောဂါကို ထိရောက်စွာ ကုသနိုင်မည့် ဆေးကောင်း ဝါးကောင်း နည်းပါးခြင်းပင် ဖြစ်သည်ဟု ဆိုသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❍



ရေသယံဇာတ ပေါများကြွယ်ဝသည့် ရခိုင်ပြည်နယ် ရေထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှုတွင်ကျယ်

ရခိုင်ပြည်နယ်သည် မြို့နယ် ၁၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်ပြီး မြို့တော်မှာ စစ်တွေဖြစ်သည်။ ယခင်က စစ်တွေမြို့ကို ပေါက္ကျွန်းဟူ၍ ခေါ်ဆိုကြသည်ဟု သိရှိရသည်။ ခေါ်ဆိုရသည့်အကြောင်းရင်းမှာ စစ်တွေမြို့နယ်သည် ရေပတ်လည် ဝန်းရံလျက်ရှိသောကြောင့်ပင် ဖြစ်သည်။ ရခိုင်ပြည်နယ်သည် မြစ်ချောင်းအင်းအိုင် ပေါများသောကြောင့် ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးသည် ရေလုပ်ငန်းကို အခြေခံပေသည်။ သဘာဝကပေးသော မြစ်ချောင်းအင်းအိုင်ပေါများခြင်း

သတင်းဆောင်းပါး-ကျော်မြင့်(စစ်တွေ)

တည်းဟူသော လက်ဆောင်ကောင်းကြောင့် ကစ္ဆပနဒီမြစ်မှသည် ရခိုင်ပင်လယ်ပြင်၊ အင်း၊ အိုင်များမှ ငါး၊ ပုစွန်၊ ကဏန်း၊ ကနုကမာ၊ ခရု၊ ရေခူစသော ရေထွက်ပစ္စည်းများအား ကုန်းလမ်းဖြင့် တစ်သွယ်၊ လေယာဉ်ဖြင့်တစ်မျိုး ပြည်တွင်း၊ ပြည်ပသို့ ရောင်းဝယ်ဖောက်ကားကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧